# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၉၁)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် ၆ ရက် ၊ ၁၆–၆–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများ ဝိုင်းဝန်းထိန်းသိမ်း

## သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့်

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၅

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## တောင်သူ နည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ကျယ်ပြန့်ထိရောက်စွာ အသုံးချနိုင်စေရန်နှင့် သုတေသီများ၊ ပညာရှင်များနှင့် တောင်သူများ အနီးကပ်ထိတွေ့၍ ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ကြစေရန် တောင်သူနည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိရာဇွန် ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းရှိ AERDTC ခန်းမ၌ (၇၁)ကြိမ်မြောက် ကျင်းပခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် တောင်သူများပူးပေါင်းပါဝင်သော သီးနှံမျိုးစေ့များ စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချရာ တောင်သူများ ဝင်ငွေအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အသက်သွေးကြောဖြစ်သော သီးနှံမျိုးစေ့ကဏ္ဍ၏ အရေးပါမှု၊ ဗီဇအရင်းအမြစ်များ ဆုံးရှုံးမှုများကြုံတွေ့နေရမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော ထိန်းသိမ်းမှုနည်းလမ်း၏ အရေးပါမှု၊ ဒေသမျိုးစေ့များ မပျောက်ကွယ်ရေး ထိန်းသိမ်းရန်နှင့် တောင်သူများ၏ဗဟုသုတနှင့် စွမ်းရည်မြှင့်တင်ရန်၊ ရာသီဥတုဒဏ်ခံနိုင်သော သီးနှံများဖွံ့ဖြိုးလာစေပြီး အစားအစာဖူလုံရေးနှင့် စိုက်ပျိုးသူများဝင်ငွေတိုးမြှင့်ရန် ဝန်ကြီးဌာန၏ ရည်ရွယ်ဆောင်ရွက်နေမှုများ၊ အပင်၏ မျိုးဗီဇအရင်းအမြစ်နှင့် ထိန်းသိမ်းရန်အရေးကြီးပုံတို့ကိုလည်းကောင်း၊ မိမိတို့နိုင်ငံ၏ မျိုးစေ့ကဏ္ဍတွင် ကြုံတွေ့နေရ သောစိန်ခေါ်မှုများ၊ မျိုးစေ့များ ရွေးချယ်၊ သိုလှောင်၊ ဖလှယ်ခြင်းလုပ်ငန်းများ၌ တောင်သူများကိုယ်တိုင် ဆောင်ရွက်ခြင်းအပြင် ကျေးရွာအခြေပြု မျိုးစေ့ဘဏ်များဖွဲ့စည်းခြင်း၊ သုတေသနဌာနများ၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင်လည်း တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သော ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ချက်များနှင့် တောင်သူများ၏ အခန်းကဏ္ဍ၊ ပြည်တွင်း၌အောင်မြင်လျက်ရှိသည့် ကျေးရွာမျိုးစေ့ဘဏ်များ၊ လိုအပ်သောမူဝါဒပံ့ပိုးမှုများ၊ မျိုးစေ့ထိန်းသိမ်းခြင်းသည် ကျေးလက်ဖွံ့ဖြိုးရေး၏ အဓိကသော့ချက်ဖြစ်မှုတို့ကို ရှင်းလင်းပို့ချသည်။

ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသည့် တောင်သူကြီးများနှင့်အတူ စီးပွားဖြစ်စိုက်ပျိုးမှုမရှိသေးသည့် ကျေးလက်နှင့် မြို့နေလူထုစားသုံးလျက်ရှိသော သီးနှံမျိုးများကို စာရင်းပြုစုခြင်းနှင့် ဟင်းသီးဟင်းရွက်တောင်သူများပါဝင်ပြီး မျိုး၊ ဗီဇသတင်းအချက်အလက်စုဆောင်းခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ရာ စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်မှုမရှိသေးသော်လည်း လက်ရှိအချိန်ထိ နေပြည်တော်ကောင်စီနယ်မြေတွင် စားသုံးနေသည့် ဟင်းသီးဟင်းရွက်အမျိုးအမည်ပေါင်း ၁၂၁ မျိုးကို စာရင်းပြုစုရရှိခဲ့သည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် တောင်သူနည်းပညာ ပေးဆွေးနွေးပွဲများကျင်းပ ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အောင်မြေသာစံခရိုင်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် ၃၀ ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၅**

မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် ၃၀ ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ မင်္ဂလာသီရိသရက်တောကျောင်းတိုက်တွင် ကျင်းပရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ ဩဝါဒကထာ ... သံဃာတော်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တရားတော်များကို နာယူကြည်ညိုကြရာ အလှူရှင်များက လှူဖွယ်အစုစုတို့ကို လှူဒါန်းကြပြီး အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူ (၃၃)ဦး အား ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်များကိုအောင်မြေသာစံခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။



အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၇)

## ပြည်ပသို့ ဆန်၊ ဆန်ကွဲ တန်ချိန် ၃ သန်း တင်ပို့ရန် လျာထား



**မန္တလေး ဇွန် ၁၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နဲ့ ဆန်ကွဲတန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ လျာထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရသည်။

ယခု ဘဏ္ဍာနှစ်အစောပိုင်းမှာ နိုင်ငံတကာဈေးကွက်သို့ ဆန်၊ ဆန်ကွဲ တန်ချိန် ၄ သိန်းကျော် တင်ပို့ထားကြောင်း MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဆန်တန်ချိန်အများစုကို ဖိလစ်ပိုင်၊ တရုတ်၊ စပိန်၊ နယ်သာလန်နှင့် ပိုလန်နိုင်ငံတွေကို တင်ပို့ခဲ့ပြီး ဆန်ကွဲကိုတော့ ဘယ်လ်ဂျီယံ၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နယ်သာလန်နှင့် ယူကေဈေးကွက်များသို့ အများအပြား တင်ပို့ထားသည်။

လက်ရှိမှာ နိုင်ငံတကာဈေးကွက်ကို ဧည့်မထ/ငစိန် အုပ်စုဝင်တွေဖြစ်သည့် ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11 ၊ ဆောရှပ်၊ ၇၄၇၊ သီးပု၊ ကောက်နံ့ စသည့် ဆန်ကြမ်းများကို အဓိကတင်ပို့နေသည်။

ပြည်ပကို တင်ပို့သည့် ဆန်ကြမ်းအုပ်စုဝင် (ဧည့်မထ/ငစိန်) ဆန်ကြမ်းတွေကို ဇွန်လအတွက် အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ မှ ၇၂၀၀၀ ကျပ်အကြား ဈေးသတ်မှတ်ထားသည်။

MRF အနေဖြင့် မြန်မာ့ပေါ်ဆန်းဆန်ကို ခေတ်မီထုတ်ပိုးမှုပုံစံများဖြင့် နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်နေကြောင်း MRF က ထုတ်ပြန်ထားသည်။

"အရောအနှောကင်းပြီး ပစ္စည်းမှန်၊ အရည်အသွေးမှန်၊ ဈေးနှုန်းမှန်တဲ့ မြန်မာပေါ်ဆန်းမွှေး (Fragrant Rice)အဖြစ် နိုင်ငံတကာဈေးကွက်ကို ခေတ်မီထုတ်ပိုးမှုပုံစံတွေနဲ့ တင်ပို့ရောင်းချသွားဖို့ စီစဉ်နေပါတယ်" ဟု MFR ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆက်လက်ပြောကြားသည်။

ယခင် ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈၇ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၉ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(ရွှေမန်း)

## ကျောက်ဆည်မြို့နယ်တွင် ၂၀၂၅ -၂၀၂၆ မိုးကြိုသီးနှံမျိုးစုံ ၅၂၇၁၅ ဧက စိုက်ပျိုးပြီးစီး

**ကျောက်ဆည် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုသီးနှံမျိုးစုံ (၅၂၇၁၅) ဧက စိုက်ပျိုးပြီးစီး မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးကြိုသီးနှံများစိုက်ပျိုးရာ၌ တိုက်နယ်(၁)တွင် နှမ်း(၆၀၄)ဧက၊ မိုးကြိုပဲတီစိမ်း(၂၀၇)ဧက၊ တိုက်နယ်(၂)တွင် နှမ်း(၃၉၇၉)ဧက၊ မိုးကြိုပဲတီစိမ်း(၂၈၀)ဧက၊ တိုက်နယ်(၃)တွင် နွေစပါး(၃၅၃)ဧက၊ နှမ်း(၄၀၂၈)ဧက၊ မိုးကြိုပဲတီစိမ်း(၁၃၁၁)ဧက၊ ငရုတ်သီးနှံ(၄၇)ဧက၊ ဟင်းသီးဟင်းရွက်မျိုးစုံ(၂၂)ဧက၊ မိုးကြိုနေကြာ(၆)ဧက၊ ကျွဲနွားစာ(၅၀)ဧက၊ တိုက်နယ်(၄)တွင် နွေစပါး(၃၅)ဧက၊ နှမ်း(၄၃၃၃)ဧက၊ တိုက်နယ်(၅)တွင် နွေစပါး(၂၄၄၇)ဧက၊ နှမ်း(၃၆၄၁)ဧက၊ တိုက်နယ်(၆)တွင် နွေစပါး(၅၁၈)ဧက၊ နှမ်း(၂၆၇၇)ဧက၊ မိုးကြိုပဲတီစိမ်း(၁၁၃၇)ဧက၊ ငရုတ်သီးနှံ (၅၆)ဧက၊ တိုက်နယ်(၇)တွင် စိုက်ပျိုးနိုင်ခြင်း မရှိကြောင်းနှင့် တိုက်နယ်(၈)တွင် နွေစပါး(၁၂၇၅)ဧက၊ နှမ်း(၄၆၀၅)ဧက၊ မိုးကြိုပဲတီစိမ်း(၁၃၅)ဧက၊ တိုက်နယ်(၉)တွင် နွေစပါး(၆၂)ဧက၊ နှမ်း(၄၄၈၈)ဧက၊ မိုးကြိုပဲတီစိမ်း(၉၀)ဧက၊ တိုက်နယ်(၁၀)တွင် နွေစပါး(၃၇)ဧက၊ နှမ်း(၅၃၉၂) ဧက၊ မိုးကြိုပဲတီစိမ်း(၁၀၆)ဧက၊ တိုက်နယ်(၁၁)တွင် နွေစပါး(၁၉)ဧက၊ နှမ်း(၅၁၄၉)ဧက၊ တိုက်နယ်(၁၂)တွင် နွေစပါး(၁၈၆)ဧက၊ နှမ်း(၅၃၁၀)ဧက၊ မိုးကြိုပဲတီစိမ်း(၃၀)ဧက၊ မိုးကြိုဝါ(၁၀၀)ဧက စုစုပေါင်း(၅၂၇၁၅)ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးကြိုသီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသအလိုက် ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်ပျိုးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှဆရာဆရာမများ၊ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်များကို ပြုလုပ်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန် မျှတစေရေး၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတ ကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုး ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန် လိုအပ်ကြောင်း၊ ယင်းကို တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်ကြောင်း၊ ယနေ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိ**

သစ်ပင်သစ်တော များသည် ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန် အရေးပါလှကြောင်း၊ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးကြောင်း၊ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

**အကျိုးကျေးဇူးများစွာရရှိနိုင်**

သစ်ပင် သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါး စသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများကိုစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မျှတ သာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက် ရှိသောကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း။

သစ်တောများသည် ဂေဟစနစ်များအားလုံး ဗဟိုချက်အဖြစ် ထိန်းညှိ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စေရေး၊ လူသားများနှင့် သက်ရှိများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းသာယာစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်တောစိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက် ရှိကြကြောင်း၊ ကုလသမဂ္ဂ သစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သည့် ကမ္ဘာ့သစ်တောဧရိယာ ဧက ၁၀ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် ဧရိယာဧက သန်း ၃၀၀ ခန့် (၃ ရာခိုင်နှုန်းခန့်) ပိုမိုတိုးပွားလာစေရန် ရည်မှန်းချက်ထားပြီး ကုလသမဂ္ဂက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဒေသတွင်း နိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့တာဝန်ယူပြီးနောက်ပိုင်း သစ်ပင်စိုက်ပျိုးမှု၊ သစ်တောများ ပြုပြင်ထိန်းသိမ်းမှုကို အလေးထားကြပ်မတ် ဆောင်ရွက်ခဲ့သည့်အတွက် နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှုသိသိသာသာ လျော့နည်း ကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း။

"ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများ ဖုံးလွှမ်းအောင်" ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများ အားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

- **ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကိုထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန်လိုအပ်**
- **"ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများဖုံးလွှမ်းအောင်" ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်**

☆ စာမျက်နှာ ၃ မှ

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးနှင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပေးနေကြောင်း၊ သစ်တော သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ ဦးစားပေးအစီအစဉ် တစ်ရပ်အနေဖြင့် ရေရှည်စီမံချက်များ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံတစ်ဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်ရေးလုပ်ငန်းများကိုလည်း အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ယခုနှစ်မိုးရာသီတွင်လည်း အမြင့် နှစ်ပေအထက်ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ မြစ်ချောင်းများ ဘေးဝဲ/ယာတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ လမ်းမကြီး အသီးသီးနှင့် ရထားလမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာ နှစ်ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များစိုက်ပျိုးမှုနှင့် သစ်ပင်စိုက်ပျိုးပွဲ ကိုးကြိမ် ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင် (၉၄ ရာခိုင်နှုန်း) ရှိကြောင်း၊ ဖြန့်ဝေစိုက်ပျိုးခဲ့သည့် သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ အတွင်း၌ စိုက်ပျိုးခြင်းသာမက သစ်တောနယ်မြေပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိုးရာသီလူထုလှုပ်ရှားမှု အသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးလိုက်သည့် သစ်ပင်များ ရာနှုန်းပြည့်အောင်မြင်ရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းခြင်းစသည့် အစိမ်းရောင်ဖွံ့ဖြိုးမှု အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

"အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာ တောတန်း၊ တစ်တောဝင် တစ်တောဆက်၊ မြို့တက်မယ့်လမ်း" ဆိုသကဲ့သို့ ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာ အသီးသီးမှာ စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသ ရရှိစေရေး ကိုယ်တိုင်အသိစိတ်ဓာတ် အပြည့်အဝဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းပြီး တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့် သစ်ပင်သစ်တောများကိုလည်း တစ်ပင်စိုက်လျှင် တစ်ပင် "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" သွားရန်လည်း လိုအပ်ကြောင်း၊ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတ အမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ သဘာဝအရင်းအနှီး သစ်ပင်သစ်တောများ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ် တားဆီး ကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကုံကော်ပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိဆည်မြောင်းကွဲအက်ရေစိမ့်ထွက် ဖြစ်ပေါ်နေမှုပြုပြင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဥတ္တရသီရိဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒ တိုင်းတာခြင်းလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်ခြင်းလုပ်ငန်းများမဆောင်ရွက်မီ စစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည် ခိုင်ခံ့ကောင်းမွန်အောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

❖ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့်ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ

❖ နိုင်ငံတော်အနေဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိ၊ နိုင်ငံ၏သဘာဝအရင်းအနှီးသစ်ပင်သစ်တောများ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်များကို ရရှိစေမည်

❖ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်

# (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ၊ အမှတ်တရကုံ့ကော်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် သဗ္ဗညုသဗ္ဗညာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်သို့ တက်ရောက်သည်။

ထိုအစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီရုံးမှဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူး၏၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယသံအမတ်ကြီးနှင့်အတူ သဗ္ဗညုသဗ္ဗညာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ်အဖြစ် ကုံ့ကော်ပင်အား အမှတ်တရဂုဏ်ပြုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ်အကောင်ရေ ၁၄၀၀၀ ကျော် ထိန်းသိမ်းစောင့်ရှောက်ထား



မင်းဘူး ဇွန် ၁၅

မြန်မာ့ကြယ်လိပ် (Burmese Star Tortoise) သည် ရှားပါးသတ္တဝါမျိုးစိတ်များထဲတွင် ပါဝင်ပြီး ပါဏဗေဒအလိုအရ ဂျီအိုချယ်လုံး ပလက်တင်နိုတာ (Geochelone Platynota) ဟု အမည်ပေးထားပြီး မြန်မာနိုင်ငံ၌သာ တွေ့ရှိရသော ဒေသရင်းမျိုးစိတ် (Endemic Species) များပင် ဖြစ်သည်။ ကြယ်လိပ်များကို အပူပိုင်းခြောက်သွေ့သော ဒေသများတွင် နေထိုင်ကျက်စားလေ့ရှိသည်ကို တွေ့နိုင်ပြီး၊ ဒေသအလိုက် ကြယ်လိပ်၊ ဆီးချိုလိပ်၊ ပင့်ကူလိပ်၊ ပန်းလိပ်၊ ရွှေလိပ်၊ နတ်လိပ်ဟူ၍ အမည်အမျိုးမျိုးဖြင့်လည်း ခေါ်ဆိုလေ့ရှိကြသည်။

ကြယ်လိပ်တို့သည် ကျောခွံသည် ခုံးနေပြီး အညိုရင့်ရောင် (သို့မဟုတ်) အနက်ရောင်ရှိသည်။ ကျောခွံပေါ်ရှိ အကွက်တိုင်းတွင် အဝါရောင်အစင်းများပါရှိပါသည်။ အမြီးအဖျားတွင် ဦးချို (ဂျို)ကဲ့သို့ မာကြောသောအကြေခွံပါရှိပါ သည်။ ကျောခွံ၏ ထိပ်တွင် ကြယ်ပုံသဏ္ဌာန်အမှတ်အသားကို ထင်ရှားစွာတွေ့ရှိရသဖြင့် ကြယ်လိပ်ဟု တင်စားခေါ်ဝေါ်ကြပါသည်။ ထို့အပြင် ကျောခွံပေါ်ရှိ အဝါရောင်အစင်းများသည် ပင့်ကူပုံသဏ္ဌာန်ဖြစ်နေသောကြောင့် လိပ်ပင့်ကူဟူ၍လည်း ခေါ်ဆိုကြသည်။ ရွှက်ပြတ်တော၊ ဆူးချုံတော၊ အင်တိုင်းတောနှင့် သန်းဒဟတ်တောများတွင် တွေ့ရှိရ၍ အစုံစားလိပ်ဖြစ်သည်။ အသီးအနှံ၊ ကျောရိုးမဲ့၊ ကျောရိုးရှိ သတ္တဝါငယ်များနှင့် အင်းဆက်ပိုးမွှားများကိုလည်း စားသောက်တတ်သည့်အပြင် မှို၊ အသီးအရွက်၊ ပန်းပွင့်တို့ကို သာမက တီကောင်၊ ခရုတို့ကိုပါ စားသောက်လေ့ရှိသည့် အစုံစားသတ္တဝါမျိုး ဖြစ်သည်။ ကြယ်လိပ်သည် တောရိုင်းသဘာဝတွင် တစ်နှစ်လျှင် တစ်ကြိမ်မှ လေးကြိမ်အထိ ဥ ဥလေ့ရှိသည်။

မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် မြန်မာ့ကြယ်လိပ်သည် သဘာဝသစ်တောများတွင် ကျက်စားရာနယ်မြေများ ပျက်စီးလာခြင်းနှင့် အလွန်အကျွံ ဖမ်းဆီးခံရခြင်းတို့ကြောင့် အကောင်ရေများ လျော့နည်းကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။ ကြယ်လိပ်များကို မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သောကြောင့် ခြံလှောင်၍ မျိုးပွားမွေးမြူရေးစနစ်ဖြင့် ထိန်းသိမ်းကာကွယ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံတွင် ကြယ်လိပ်စုစုပေါင်း ၁၄၃၂၀ အကောင်အထိ တိုးပွားလာကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။

ကြယ်လိပ်များသည် သဘာဝအရ ဇွန်လ မှ စက်တင်ဘာလအတွင်း မိတ်လိုက်ကြပြီး၊ မေလလယ်မှ စက်တင်ဘာလအတွင်း ဥ ဥချ၍ တစ်ကြိမ်လျှင် ဥအလုံးရေ(၁)လုံးမှ (၁၆)လုံးအထိ ဥလေ့ရှိကြောင်း သိရသည်။ ကြယ်လိပ်များ၏ ကိုယ်ဝန်ဆောင်ချိန်မှာ ၁၉၇ ရက်ဖြစ်ပြီး မိခင်နှင့် ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ ၁၇၂ ရက်မှ ၂၅၁ ရက်အတွင်း ပြောင်းလဲနိုင်သည်။ မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးရွာသောအချိန်များ၌ ၄င်းတို့ဥထားသော ဥများမှ သားပေါက်ပြီး သားပေါက်များ ဥကျင်းမှထွက်လာကြကြောင်း သိရသည်။ သားပေါက်တွေမှာ အထီးနဲ့ အမအချိုးက အပူချိန်ပေါ်မူတည်၍ ပြောင်းလဲနိုင်ပြီး၊ ဟန်ချက်ညီတဲ့ အထီး၊ အမ အချိုးက ခန့်မှန်းအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ခန့်ဖြစ်ကာ အပူချိန်နိမ့်ရင် အထီးအရေအတွက် ပိုများပြီး၊ အပူချိန်မြင့်ရင် အမအရေအတွက် ပိုများကြောင်း သိရသည်။

ကြယ်လိပ်မျိုးစိတ်များအပါအဝင် လိပ်မျိုးစိတ်များသည် အပင်မျိုးစိတ်များနှင့် မှိုမျိုးစိတ်များ မျိုးပြန့်ပွားနိုင်ရန်အတွက် မျိုးစေ့များ၊ ဝတ်မှုန်၊ ဝတ်ဆံများနှင့် ပိုးမွှားများကို ပျံ့နှံ့သယ်ဆောင်ပေးနိုင်ကြောင်းလည်း သိရသည်။ လိပ်များသည် ရှေးအစဉ်အဆက်ကတည်းက လူသားမျိုးနွယ်ကို တိုက်ရိုက်နည်းနဲ့သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းနဲ့သော်လည်းကောင်း အကျိုးပြုလျက်ရှိပြီး၊ ရေကိုညစ်ညမ်းစေတဲ့ ဓာတ်သတ္တုတွေ၊ ရေညှိရေမှော်တွေ၊ အင်းဆက်ပိုးမွှားတွေကို စားတဲ့အတွက် လူသားတွေ မှီခိုအသုံးပြုနေတဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေကို သန့်စင်ပေးတဲ့ ဂေဟစနစ်တွေ ထိန်းသိမ်းစောင့်ရှောက်ပေးနေပြီး လူသားတွေအပေါ် အကျိုးကျေးဇူးတွေများစွာရှိတဲ့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ လိုအပ်လှသည်။

ကြယ်လိပ်မျိုးစိတ်များကို ထိန်းသိမ်းခြင်းအားဖြင့် ကြယ်လိပ်တွေဟာ မြန်မာနိုင်ငံမှာသာ ရှင်သန်ကျက်စားတဲ့ ဒေသမျိုးရင်းမျိုးစိတ်များဖြစ်တဲ့အတွက် နိုင်ငံရဲ့ တန်ဖိုးရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲ သယံဇာတတွေ ပျောက်ကွယ်သွားနိုင်မှု လျော့နည်းသွားပေမည်။ မြန်မာ့ကြယ်လိပ်များသည် မြန်မာနိုင်ငံအတွင်းတွင်သာ ရှင်သန်ကျက်စားသည့် ဒေသရင်းပွားမျိုးစိတ် (Endemic Species) တောရိုင်းတိရစ္ဆာန်မျိုးစိတ်ဖြစ်ကြောင်း သိရပြီး၊ သုတေသနမှတ်တမ်းများအရ နှစ်ပေါင်း ၅၀ ကျော်ခန့် ရှင်သန်နိုင်၍ အသက်ရှည်မှုမှာ ၄င်းအပေါ် စောင့်ရှောက်မှုနှင့် နေထိုင်သည့် ပတ်ဝန်းကျင် အခြေအနေပေါ် များစွာမူတည်ကြောင်း သိရသည်။

သဘာဝတောများအတွင်း ကြယ်လိပ်ကောင်ရေ ပြန်လည်တိုးပွားလာစေရန်အတွက် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ မြန်မာ့ကြယ်လိပ်များ ကောင်းမွန်စွာ ရှင်သန်ကျက်စားနိုင်မည့် ၄င်းတို့၏ နေရင်းဒေသများသို့ ပြန်လွှတ်ခြင်းလုပ်ငန်းကို ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၇၅၀ ကောင်နှင့်၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၁၁၀၀ ကောင် စုစုပေါင်း ၃၈၅၀ ကောင်ကို သဘာဝတောအတွင်းသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ သိရသည်။

မြန်မာ့ကြယ်လိပ်များကို ၁၉၉၉ ခုနှစ်၌ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကြယ်လိပ်အထီး ၆ ကောင်၊ အမ ၆ ကောင်၊ စုစုပေါင်း ၁၂ ကောင်၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကြယ်လိပ်အထီး ၆ ကောင်၊ အမ ၆ ကောင်၊ စုစုပေါင်း ၁၂ ကောင်နှင့် ၂၀၀၁ ခုနှစ်၌ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်အထီး ၄၂ ကောင်၊ အမ ၄၀ ကောင်၊ စုစုပေါင်း ၈၂ ကောင် စတင်မွေးမြူခဲ့ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်အထိ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၁၆၆၆ ကောင်၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ၄၀၅၈ ကောင်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ၈၅၉၇ ကောင်ရှိခဲ့ကာ စုစုပေါင်း မြန်မာ့ကြယ်လိပ် ၁၄၃၂၀ ကောင်အထိ တိုးပွားလာခဲ့ကာ ခြံလှောင်မွေးမြူထိန်းသိမ်းထားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့ ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကဆောင်ရွက်နေသည့် ရုပ်ရှင်မြို့တော်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။**



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အနုပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးက ရုပ်ရှင်မြို့တော် စီမံကိန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်မြို့တော်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တရားဝင် လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်မြို့တော်စီမံကိန်းသည် ရုပ်ရှင်လောကသားများ အတွက်သာမက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အနေဖြင့် အစည်းအရုံး၏ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်နည်းလမ်း၊ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူဆောင်ရွက်သည့်နည်းလမ်းနှင့် Public-Private -Partnership နည်းလမ်းဆိုသည့် နည်းလမ်းသုံးခုအနက် သင့်လျော်ရာ နည်းလမ်းဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းအောင်မြင်ပါက ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်သာ ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အနုပညာရှင်များ အတွက် များစွာအဆင်ပြေလွယ်ကူမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့သော ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ပုံမှန်အခြေအနေသို့ရောက်ရှိပြီး ရုပ်ရှင်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုပ်ရှင်နှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများကို ဦးစွာဆောက်လုပ်ရန်နှင့် အခြား အပန်းဖြေလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ပါက မူလရည်ရွယ်ချက်များနှင့် လွဲချော်မှုဖြစ်သွားနိုင်သဖြင့် ဂရုပြု ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်း အောင်မြင်စေရေးအတွက် အနုပညာရှင်များအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ရုပ်ရှင်အနုပညာလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလေးထား ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်သဖြင့် ရုပ်ရှင်ဇာတ်ကားများ အဆင့်မြင့်စွာ ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ရုံများတွင် စနစ်တကျပြသနိုင်ရေးအတွက်လည်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲက မိုးရာသီရောက်ရှိပါက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံးတွင် ဒေသအလိုက် သင့်လျော်မည့် အပင်များကို စိုက်ပျိုးရမည်ဟု လမ်းညွှန်ထားပါကြောင်း၊ ယခု ရုပ်ရှင်မြို့တော် စီမံကိန်းတွင် အပင် ၆၀၀ ခန့် စိုက်ပျိုးမည် ဖြစ်သဖြင့် အင်မတန်ကောင်းမွန်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝ ဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်သူလူထုအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်က ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာသည့် အနုပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

သတင်းစဉ်

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၂)ရပ်ကွက်၊ မြို့သစ်အမှတ်(၃)ရပ်ကွက်၊ မြို့သစ်အမှတ်(၄) ရပ်ကွက်နှင့် အောင်ပင်လယ်ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ မေးခွန်းနှင့် အဖြေလွှာများ ထိန်းသိမ်းထားရှိမှု၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်၊ (ဈ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နှင့် တမ္ပဝတီရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Gong Jun နှင့် Wang Yibo က Brand Title 3 ခုနှင့် New York, Milan နှင့် Paris ဖက်ရှင်ပွဲ တက်ခဲ့



တရုတ်အနုပညာရှင် ဂေါင်ဂျွမ်နှင့် ဝမ်ရိဘိုတို့ နှစ်ဦးသည် Brand Title သုံးခုနှင့် နယူးယောခ်၊ မီလန်၊ ပဲရစ်ဖက်ရှင်ပွဲ သုံးနိုင်ငံ တက်ရောက်ခဲ့သူဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေါင်ဂျွမ်သည် နိုင်ငံသုံးနိုင်ငံတွင် Brand Title နှင့် သုံးပွဲ၊ Haute Couture Brand ကြီး နှစ်ခုနှင့် စုစုပေါင်းငါးပွဲ တက်ရောက်ခဲ့သူဖြစ်သည်။

ဝမ်ရိဘိုက House Global Spokesperson အဖြစ် Brand Title အမြင့်ဆုံးနှင့် Top Luxury Brand သုံးခုနှင့် Show ကို ဆက်တိုက်တက်ခဲ့ပြီး ၂၀၂၅ နောက်ဆုံးထွက်ဖက်ရှင်ကို ပါဝင်ဆင်နွှဲခွင့်ရခဲ့သူ ဖြစ်သည်။

(SKY)

0-0-0-0-0-0

## Nam Woo-hyun အဆိုသာမက အကစွမ်းရည်ပြည့်ဝသူဖြစ်ကြောင်း Dangerous တွင် တွေ့ရ

ကေပေါ့ပ်အနုပညာရှင် နမ်ဝူဟွမ်သည် ပွဲဦးထွက်ပြီး ဆယ်နှစ်ကျော်အတွင်း အဆိုပညာသာမက အကပညာစွမ်းရည်ပြည့်ဝသူဖြစ်ကြောင်း Dangerous ၏ Music Show တွင် မြင်တွေ့ရ၍ ချီးကျူးထားကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



နမ်ဝူဟွမ်၏ မဆုတ်မနစ်ကြိုးစားမှု၊ အပြင်းအထန်လေ့ကျင့်မှုနှင့်အတူ ကိုယ်တိုင်ထိန်းသိမ်းမှုတို့ဖြင့် ၁၅ နှစ်ကြာမှ လွတ်လပ်ပေါ့ပါးစွာ ပေါ်လာရာ ၂၀၁၄ ခုနှစ်က ပုံစံအတိုင်း ၂၀၂၅ ခုနှစ်တွင် မြင်တွေ့ကြရ၍ ပရိသတ်ချီးကျူးမဆုံး ဖြစ်နေကြသည်။

တေးဂီတနှင့်အကကို ကိုယ်ပိုင်စတိုင်လ်နှင့် ဖော်ပြ၍ စိတ်လှုပ်ရှားဖွယ်အသံနှင့် ပေါင်းစပ်ကာ ပရိသတ်ကို ဖျော်ဖြေသွားခဲ့၍ ချီးကျူးနေကြသည်။

(SKY)

0-0-0-0-0-0-0

## Star War မင်းသား Oscar Isaac ၏ ဇာတ်ကားသစ်များ ၂၀၂၅ ခုနှစ်တွင် ထွက်ရှိမည်

ဟောလိဝုဒ်အနုပညာရှင် Star War မင်းသား အော်စကာအိုက်ဇက်စ်သည် အသက် ၄၆ နှစ်ပြည့်ပြီဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် သူ၏ ဇာတ်ကားများ ထွက်ရှိလာမည်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အော်စကာအိုက်ဇက်စ်သည် ဂွာတီမာလာနိုင်ငံတွင် မွေးဖွားခဲ့ပြီး မတ် ၉ ရက်က အသက် ၄၆ နှစ်ပြည့်ကာ ၁၉၉၈ ခုနှစ်မှစ၍ သရုပ်ဆောင်လောကသို့ ဝင်ခဲ့ပြီး Moon Knight, DUNE, Star War စသည့် ရုပ်ရှင်များတွင် ပါဝင်ထားသည်။

အော်စကာအိုက်ဇက်စ်၏ ၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာ မည့် ရုပ်ရှင်ဇာတ်ကားများမှာ နိုဝင်ဘာလတွင် Frankenstein နှင့် The King of Kings တွင် အသံသရုပ်ဆောင်နှင့် ၂၀၂၆ ခုနှစ်တွင် Avengers: Doomsday တို့ ဖြစ်သည်။ (SKY)



## Harry Potter မှ Lavender Brown က Only Fans ထောင်၍ ဆံပင်စတိုင်လ်ပြမည်



ဟယ်ရီပေါ်တာသရုပ်ဆောင် Jessie Cave (ခေါ်)လာဗင်ဒါဘရောင်းက Only Fans ထောင်၍ ဆံပင်စတိုင်လ်များ ပြသကာ မိသားစု အကြွေးဆပ်မည်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လာဗင်ဒါဘရောင်းက Sub stack စာမျက်နှာ၌ Only Fans ထောင်ရခြင်းအကြောင်း ရေးသားထားရာတွင် ဆံပင်စတိုင်လ်ကို ကြည့်ရသည်ကို ကြိုက်သူများအတွက်ဖြစ်ပြီး တစ်နှစ်ကြိုးစားကြည့်ကာ အိမ်ပြုပြင်ရန်နှင့် မိသားစု အကြွေးဆပ်ရန်အပြင် အတိတ်က မှားယွင်းစွာ အကဲဖြတ်ခံရသည်ကို သက်သေပြရန်ဖြစ်သည် ဟု ဆိုသည်။

လာဗင်ဒါဘရောင်းသည် ၂၀၀၉ ခုနှစ် Harry Potter and The Half Blood Prince နှင့် ပွဲဦးထွက်ခဲ့ပြီး Deathly Hallows အပြင် Great Expectations, Black Mirror နှင့် Industry စသည့် ရုပ်ရှင်နှင့် ရုပ်သံများတွင် ပါဝင်ခဲ့ကာ Harry Potter ဗီဒီယိုဂိမ်းနှစ်ခုတွင်လည်း အသံသရုပ်ဆောင်ထားပြီး လက်ရှိ ဟောလိဝုဒ်အနုပညာရှင်များကြား ခေတ်စားနေသည့် Only Fans ကို ဖွင့်၍ ထောင်ခဲ့သည်။

(SKY)

0-0-0-0-0-0-0-0-0



## ဘယ်ရီသီးအမျိုးမျိုး ပုံမှန်စားသုံးလျှင် ကျန်းမာရေးကောင်းမွန်ပြီး အသက်လည်းရှည်မည်

စထရော်ဘယ်ရီ၊ ဘလက်ဘယ်ရီအပါအဝင် ဘယ်ရီသီးအမျိုးမျိုး ပုံမှန်စားသုံးလျှင် စိတ်ရောကိုယ်ပါကျန်းမာရေးကောင်းမွန်ပြီး အသက်လည်းရှည်စေမည်ဖြစ်ကြောင်း အင်္ဂလိပ်ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်သိရှိခဲ့ကြသည်။

ထိုသုတေသီများသည် အမျိုးသမီး ၆၂၇၄၃ ဦးနှင့် အမျိုးသား ၂၃၆၈၇ ဦးတို့၏ အနှစ် ၂၄ နှစ်ကြာ အချက်အလက်များကို ဆန်းစစ်ခဲ့ရာမှ ဘယ်ရီသီးများ၌ ကြွယ်ဝစွာပါဝင်သော ဖလေဗာနွိုက်ဓာတ် အများဆုံးစားသုံးသူ အမျိုးသမီးများသည် အဆိုပါ ဓာတ်အနည်းဆုံးစားသုံးသူများနှင့် နှိုင်းယှဉ်ပါက အားအင်ချည့်နဲ့မှု၊ ကိုယ်လက်လှုပ်ရှားမှုနှင့် စိတ်ကျန်းမာရေးပိုင်းတွင် သာလွန်ကောင်းမွန်ကြောင်း တွေ့ရှိခဲ့သည်။


အမျိုးသားများတွင် ဆက်စပ်မှုအနည်းငယ်သာ တွေ့ရှိရသော်လည်း ဖလေဗာနွိုက်ဓာတ် ပိုမိုစားသုံးခြင်းသည် စိတ်ကျန်းမာရေး ချို့တဲ့မှု နည်းပါးခြင်းနှင့် ဆက်နွှယ်နေဆဲဖြစ်သည်။

"ဖလေဗာနွိုက်ဓာတ်များသည် အားအင်ချည့်နဲ့မှုကို ကာကွယ်ရန်နှင့် အိုမင်းလာသည်နှင့်အမျှ ကိုယ်လက်လှုပ်ရှားမှုစွမ်းရည်နှင့် စိတ်ကျန်းမာရေးကို ထိန်းသိမ်းရန်အတွက် အရေးကြီးသည်" ဟု ကင်းမက်စတန်ဘုရင့်အင်္ဂလန်တက္ကသိုလ်မှ အကြီးတန်း သုတေသီဖြစ်သူ ပါမောက္ခ အေဒင်ကက်ဆီဒီက ရှင်းလင်းပြောကြားကြောင်း သိရသည်။ SCI

## ခေတ်သစ် Snow White action ရုပ်ရှင် အရှုံးပေါ်ခဲ့

ခေတ်သစ်စနိုးဝှိုက်အက်ရှင်ဇာတ်ကားသည် ရုံတင်ဝင်ငွေအရှုံးပေါ် ခဲ့ပြီး အဆင့်သတ်မှတ်ချက်လည်း ကျရှုံးကာ ဝေဖန်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကျရှုံးမှုမှာ မူရင်းအတိုင်း မဟုတ်ဘဲ ဖြတ်ဖောက်ချုပ်များ ပြုလုပ်ထားပြီး




အသားအရောင်ကို အခြေခံထားသည့် ဇာတ်ကောင်နေရာရွေးချယ်မှု၊ အခြေအနေအချိန်အခါ မသိရှိမှုတို့ကြောင့် ညံ့ဖျင်းသော ရုပ်ရှင်ဇာတ်ကား ဖြစ်ခဲ့ရသည်။

ကွန်ပျူတာအထူးပြုလုပ်ချက်များနှင့် လူပုလေးခုနစ်ဦး ဖန်တီးမှုအဆင်မပြေခြင်း၊ အက်ရှင်ခန်းများ မပီပြင်ခြင်း စသည့် ဇာတ်ကောင်ဖွဲ့စည်းတည်ဆောက်ပုံ၊ တင်ဆက်ပုံ အားနည်းသည့်အပြင် အဓိကသရုပ်ဆောင်နှင့် အရန်သရုပ်ဆောင်များကြား မညီမျှမှုများ ရှိခဲ့သည့်အတွက် ရုပ်ရှင်ဖန်တီးသူနှင့် ဒစ်စနေးတွင် တာဝန်ရှိခဲ့သည်ဟု ဝေဖန်ထားကြသည်။

ထိုကိစ္စများကြောင့် ဒစ်စနေးမှာ ရုပ်ရှင်အရည်အသွေး ပြည့်ဝရန် လိုအပ်သေးသည်ဟု ထောက်ပြထားကြသည်။ (SKY)

## Love Wins All MV ကို (၁၃)ကြိမ်မြောက် Muju ရုပ်ရှင်ပွဲတော်တွင် ပြသ

ဇွန် ၆ ရက်တွင် ပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက် Muju Film Festival တွင် အိုင်ယူနှင့် ကင်ထယ်ယောင်းတို့၏ Love Wins All အမ်တီဗွီကို ပြသခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အမ်တီဗွီသည် ဂီတတစ်ပုဒ်ထက် ကျော်လွန်၍ ရုပ်ရှင်ဆန်ဆန်အခန်းများသာမက ဒရာမာဆန်သည့် စီနီမက်တစ်အမ်တီဗွီတစ်ပုဒ်ဖြစ်၍ ပွဲတော်တွင် ပြသခဲ့ခြင်းဖြစ်သည်။

အဆိုတော်သရုပ်ဆောင် အိုင်ယူ၏ စွမ်းရည်ပြည့်ဝသည့် အနုပညာသရုပ်ဆောင်မှုများနှင့်အတူ ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်း၏ ပြီးပြည့်စုံသည့် အနုပညာနှစ်ခုပေါင်းစပ်ဖန်တီးထားသည့် ဂီတအမ်တီဗွီတစ်ပုဒ်မှာ ရုပ်ရှင်ဆန်ဆန်ရိုက်ကူးဖန်တီးထား၍ ပွဲတော်တွင် ပြသခွင့်ရရှိသည့်အပေါ် ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

(SKY)

0-0-0-0-0-0

0-0-0-0



## အမေရိကန်တပ်မတော် နှစ် ၂၅၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကျင်းပ သမ္မတထရမ့် တက်ရောက်



**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ ဇွန် ၁၄ ရက်က ကျင်းပသည့် အမေရိကန် တပ်မတော် နှစ်၂၅၀ပြည့် အထိမ်း အမှတ် စစ်ရေးပြအခမ်းအနား တွင် တပ်ဖွဲ့ဝင်များ၏အင်အား ကို အထင်အရှားပြသပြီးနောက် သမ္မတ ဒေါ်နယ်လ်ထရမ့်က ၎င်း တို့ကို ချီးကျူးဂုဏ်စကားပြော ခဲ့ကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။

အဆိုပါ စစ်ရေးပြအခမ်း အနားအတွက် ဝါရှင်တန်မြို့တော် လမ်းများတွင် အဲဘရမ်းတင့်ကား ၂၈ စီးအပါအဝင် စစ်ယာဉ် ၈၄ စီး၊ ခြေလျင်တပ်ဖွဲ့ဝင် ၆၇၀၀ ဦးနှင့် အခြားစစ်ရေးပြပွဲများ ပါဝင်ခဲ့ပြီး သမ္မတထရမ့်၏ ၇၉ နှစ်မြောက်မွေးနေ့နှင့်လည်း ထူး ထူးခြားခြား တိုက်ဆိုင်နေခဲ့သည်။

မိုးလေဝသ ဆိုးရွားမည့် ခန့် မှန်းချက်ကြောင့် စစ်ရေးပြပွဲကို မူလအချိန်ထက် နာရီဝက်စော ကာ ညနေ ၆ နာရီတွင် စတင်ခဲ့ သည်။

သမ္မတဒေါ်နယ်လ်ထရမ့် သည် သမ္မတကတော် မယ်လနီ ယာထရမ့်နှင့်အတူ စစ်ရေးပြ အခမ်းအနားသို့ ရောက်ရှိလာပြီး အိမ်ဖြူတော်အနီးရှိ အများပြည် သူပွဲကြည့်စင်မှ ထိုစစ်ရေးပြချီ တက်ပွဲကို ကြည့်ရှုခဲ့သည်။

မာရင်နီယန် စစ်မှုထမ်း ဟောင်း ဒုတိယသမ္မတဂျေဒီဗန့်စ် နှင့်မိသားစု၊ နိုင်ငံ့ဂုဏ်ဆောင် တပ် ဖွဲ့ဝင်ဟောင်း ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်သ်တို့လည်း တက် ရောက်ခဲ့သည်။

ထို့ပြင် အိမ်ဖြူတော်ရုံး ဝန်ကြီး စူစီဝီလက်စ်၊ ရှေ့နေချုပ် ပမ်ဘွန်ဒီ၊ ပြည်ထဲရေးဝန်ကြီး ခရစ္စတီနိုအမ်၊ ကုန်သွယ်ရေးဝန် ကြီးဟောင်း ဝပ်လတ်နစ်ခ်နှင့် ကျန်းမာရေးနှင့် လူမှုဝန်ထမ်း ဝန်ကြီး ရောဘတ်အက်ဖ်ကင်နေဒီ ဂျူနီယာအပါအဝင် အမေရိကန် အစိုးရအဖွဲ့ဝင်များစွာလည်း တက် ရောက်ခဲ့ကြောင်း သိရသည်။

**Mon**



## တူကီယဲနိုင်ငံတွင် မိုးပျံပူဖောင်း ပျက်ကျ ခရီးသွား ၁၉ ဦး ဒဏ်ရာရမှုဖြစ်ပွား

**အန်ကာရာ ဇွန် ၁၅**

တူကီယဲနိုင်ငံ အလယ်ပိုင်းတွင် ဇွန် ၁၅ ရက်က မိုးပျံပူဖောင်းတစ်ခု ပျက်ကျပြီးနောက် တစ်ဦးသေဆုံးပြီး ခရီးသွား ၁၉ ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းနေ့စဉ်သတင်းစာ ကမ်ဟူရီရက်က ဖော်ပြသည်။

အက်ဆာရေးပြည်နယ် ဂူဇဲရှေ့ထ်ခရိုင်ရှိ အစ်ရှ်လာရာတောင်ကြား မှ ပျံသန်းလာသော မိုးပျံပူဖောင်းနှစ်ခုသည် ဂေါ်ဗ်လုခ်ကိုယုဒေသအနီး တွင် ပျံတက်ပြီးနောက်မကြာမီပျက်ကျခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွား ရသည့် အကြောင်းရင်းကို မသိရသေးကြောင်း ဖော်ပြထားသည်။

မိုးပျံပူဖောင်းပျက်ကျစဉ် မောင်းနှင်သူသည် ဆိုင်းကြိုးများနှင့် ငြိပြီး အောက်သို့ပြုတ်ကျပိမိသေဆုံးသွားခဲ့ခြင်းဖြစ်ကာ ခရီးသည် ၁၉ ဦးလည်း ထိခိုက်ခဲ့ကြောင်း၊ ခရီးသည်များကို ဆေးရုံသို့ ပို့ဆောင် ထားပြီး စစ်ဆေးကုသမှုများ လုပ်ဆောင်ပေးနေကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူး မာမက်အလီကွန်ဘူဇိုဂလူက ပြောကြားသည်။ ဒဏ်ရာရခရီးသွားများမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## နီပေါနိုင်ငံ၌ ဆောက်လက်စတံတားပြိုကျပြီး သုံးဦးသေဆုံး

**ခတ္တမန္ဒူ ဇွန် ၁၅**

နီပေါနိုင်ငံ အရှေ့ပိုင်းတွင် ဇွန် ၁၄ ရက် ညနေပိုင်းက ဆောက်လက်စ တံတားတစ်စင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ လုပ်သားသုံးဦးသေဆုံးပြီး နောက်ထပ်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၅ ရက်တွင် ပြောသည်။

အဆိုပါ တံတားသည် ပန်ချထာခရိုင်နှင့် တပ်လယ်ဂျုံခရိုင်တို့ကို ဆက်သွယ်ရန် တည်ဆောက်နေစဉ် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက ပြိုကျမှုဖြစ်ပွားကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ထဲမှ သုံးဦးမှာ ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ပန်ချထာခရိုင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရူပီးချ်တမန်ရ်က ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမှာလည်း စိုးရိမ်ရအခြေအနေတွင် ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ဆင်ဟွာ**

## အပိမြေသို့ ပြန်လည်ရောက်ရှိလာသော ပန်ဒါဝက်ဝံကြီး ပေါင်တိ၊ ပေါင်မေ့ ကျဲ့ကျန်းပြည်နယ် ဝန်းကျိုးတိရစ္ဆာန်ဥယျာဉ်တွင် တရားဝင်ပြသ

**ဝန်းကျိုး(ကျဲ့ကျန်း) ဇွန် ၁၅**

အမိမြေသို့ ပြန်လည်ရောက် ရှိလာသော ပန်ဒါဝက်ဝံကြီး ပေါင် တိ၊ ပေါင်မေ့တို့သည် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝန်းကျိုး တိရစ္ဆာန်ဥယျာဉ်တွင် မြို့ခံ၊ ခရီး သွားဧည့်သည်များနှင့် ဇွန် ၁၅ ရက်၌ တွေ့ဆုံခဲ့သည်။ ဤပန်ဒါ ဝက်ဝံကြီးအမြွှာသည် ၂၀၁၉ ခုနှစ်တွင် ဘယ်လ်ဂျီယမ်နိုင်ငံ၌ မွေးဖွားခဲ့ခြင်းဖြစ်ပြီး ဒေသခံ ပြည်သူများကြားတွင် အလွန် ရေပန်းစား၊ ချစ်ခင်နှစ်သက်ခြင်း ခံရသည်။ ၂၀၂၄ ခုနှစ် နှောင်း ပိုင်းတွင် ပေါင်တိ၊ ပေါင်မေ့တို့ သည် ဘယ်လ်ဂျီယမ်ခရီးစဉ်ပြီး ဆုံး၍ တရုတ်နိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇွန် ၇ ရက် ညပိုင်းတွင် ပန်ဒါ ဝက်ဝံကြီးအမြွှာသည် တရုတ် နိုင်ငံ ပန်ဒါဝက်ဝံကြီး ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ သုတေ သနစင်တာမှ ဝန်းကျိုးသို့ ရောက် ရှိလာခဲ့ရာ ရက်သတ္တပတ်ကြာ ကျင့်သားရအောင် နေထိုင်ပြီး နောက် အများပြည်သူများနှင့် အဆင်ပြေချောမွေ့စွာ တွေ့ဆုံခဲ့ သည်။

**ဆင်ဟွာ**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## တရုတ်ရုပ်ရှင် နှစ် (၁၂၀) ပြည့် အထိမ်းအမှတ် အနုပညာပြပွဲ ရှန်ဟိုင်းတွင် ကျင်းပ

**ရှန်ဟိုင်း ဇွန် ၁၅**

"အိပ်မက်များ ဖန်တီး သည့်နေရာ" ရုပ်ရှင်အနုပညာ ပြပွဲ- တရုတ်ရုပ်ရှင် နှစ်(၁၂၀) ပြည့် အထူးပြပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ Shanghai Film Art Center တွင် ဇွန် ၁၃ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ကျင်းပလျက်ရှိသည်။ ပြပွဲတွင် ပြခန်းခေါင်းစဉ် ၈ ခု စီစဉ်ထား ပြီး ယင်းတို့တွင် ရုပ်ရှင်သမိုင်း၊ တရုတ်သိုင်း၊ အန်နီမေးရှင်း၊ သိပ္ပံ စိတ်ကူးယဉ်၊ ရိုက်ကူးရေးအနု ပညာ၊ VR စသည့်နယ်ပယ်များ ပါဝင်ကာ ရုပ်ရှင်အချက်အလက် နှင့် ရိုက်ကူးရေးလက်ရာ စသည် တို့မှတစ်ဆင့် တရုတ်ရုပ်ရှင် ဖြတ်သန်းခဲ့သော နှစ် ၁၂၀ ကြာ "အိပ်မက်များ ဖန်တီးခြင်း" ခရီးကို ပြသခဲ့သည်။ ၂၇ ကြိမ် မြောက် ရှန်ဟိုင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်သည် ယခုအကြိမ် ပြပွဲ၏ အထူးကူညီထောက်ပံ့ပေး သောဌာနဖြစ်သည်။

**ဆင်ဟွာ**

## ပြည်တွင်းဘိုးရင်း ၇၈၇ လေယာဉ်အားလုံးကို စစ်ဆေးရန် လေကြောင်းထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့ကို အမိန့်ပေးထား

**ဒေလီ ဇွန် ၁၅**

အိန္ဒိယလေကြောင်းထိန်း သိမ်းရေးအာဏာပိုင်အဖွဲ့က ပြည် တွင်းလေကြောင်းလိုင်းများ အသုံး ပြုလည်ပတ်နေသော ဘိုးရင်း ၇၈၇ လေယာဉ်အားလုံးကို စစ် ဆေးရန် လေကြောင်းဝန်ကြီး အမိန့်ပေးခဲ့ကြောင်း ဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

ယခုအပတ်အတွင်း အိန္ဒိယ လေယာဉ်ပျက်ကျမှုတွင် လူ ၂၇၀ သေဆုံးခဲ့ပြီးနောက် ဝန်ကြီးရာမ် မိုဟန်နိုင်ဒူးက ထိုသို့အမိန့်ပေးခဲ့ ခြင်းဖြစ်သည်။

"၇၈၇ လေယာဉ်များကို ကျယ်ကျယ်ပြန့်ပြန့်စောင့်ကြည့် စစ်ဆေးရန် အမိန့်ပေးထားပြီး ဖြစ်သည်။ အိန္ဒိယတွင် ၃၄ စီး ရှိသည်"ဟု အဆိုပါလေကြောင်း ဝန်ကြီးက ဒေလီမြို့တော်တွင် ကျင်းပသော သတင်းစာရှင်းလင်း ပွဲတွင် ထုတ်ဖော်ပြောကြားသည်။

အိန္ဒိယလေယာဉ်လိုင်းအား ဂျင်အီတ်ခ်စ် အင်ဂျင်တပ်ဆင် ထားသော ဘိုးအင်း ၇၈၇-၈/၉ လေယာဉ်များတွင် အချို့သော ပျံသန်းမှုအချက်အလက်များ၊ အင်ဂျင်အီလက်ထရွန်းနစ် ထိန်း ချုပ်မှုစမ်းသပ်ချက်များနှင့် အင် ဂျင်ဆီနှင့်သက်ဆိုင်သော စစ်ဆေး မှုများအပါအဝင် အပိုထိန်းသိမ်းမှု စစ်ဆေးချက်များ ပြုလုပ်ရန် လေ ကြောင်းထိန်းသိမ်းရေးအာဏာ ပိုင်အဖွဲ့ကလည်း ညွှန်ကြားခဲ့ သည်။

၈ စီးကို စစ်ဆေးပြီးဖြစ်ပြီး အရေးပေါ်အခြေအနေအရ အား လုံးကို စစ်ဆေးသွားမည်ဖြစ် ကြောင်း သိရသည်။

**Mon**

## အစ္စရေးနှင့် အီရန် ညအချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံတိုက်ခိုက် ပဋိပက္ခ ပိုမိုကျယ်ပြန့်လာမည်ကို ပင်လယ်ကွေ့ဒေသ၌ စိုးရိမ်မှုမြင့်တက်

**ဂျေရုဆလင် ဇွန် ၁၅**

အစ္စရေးနှင့် အီရန်နှစ်နိုင်ငံ သည် ဇွန် ၁၅ ရက်အထိ ည အချိန်အတွင်း တစ်ဖက်နှင့်တစ် ဖက် ထပ်မံတိုက်ခိုက်ကြပြီး အီရန် ဘက်ရှိ ကမ္ဘာ့အကြီးဆုံးသဘာဝ ဓာတ်ငွေ့တွင်းကို ထိမှန်စေသည့် အစ္စရေး၏ အံ့အားသင့်ဖွယ်တိုက် ခိုက်မှုအပြီးတွင် ပဋိပက္ခ ပိုမို ကျယ်ပြန့်လာမည်ကို ပင်လယ် ကွေ့ဒေသတွင်းစိုးရိမ်မှုများ မြင့် တက်လာလျက်ရှိကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

အစ္စရေး၏ ဗုံးကြဲတိုက်ခိုက် မှုများကို ရပ်တန့်ရန်တစ်ခုတည်း သောနည်းလမ်းဟု အမေရိကန်က ရည်ညွှန်းခဲ့သည့် နျူကလီးယား ဆွေးနွေးပွဲများကို အီရန်ဘက်က ရုပ်သိမ်းလိုက်ပြီးနောက် အီရန် သည် လာမည့်ရက်အနည်းငယ် အတွင်း ဆက်လက်ကြုံတွေ့ရ မည့်အရာနှင့် နှိုင်းစာလျှင် ယခု တိုက်ခိုက်မှုများမှာ ပြောပလောက် စရာမဟုတ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန် ယာဟုက ကောက်ချက်ချသည်။

ဇွန် ၁၅ ရက် နံနက်စော စောတွင် ဂျေရုဆလင်နှင့် တဲလ် အဗစ်မြို့တစ်ဝှမ်း လေကြောင်းရန် ကာကွယ်ရေး အချက်ပြသံများ တည်ညံမြည်ကာ တယ်လ်အဗစ် မြို့ကောင်းကင်ယံတွင် ဒုံးကျည် များ ပျံသန်းသည်ကို မြင်တွေ့ရ ပြီး မြေပြင်မှ ဒုံးကျည်များ ပစ် လွှတ်ကာကွယ်ခဲ့ရာ မြို့နှစ်မြို့ စလုံးတွင် ပေါက်ကွဲသံများ ပဲ့ တင်ထပ်နေခဲ့သည်။

အီရန်မှ နောက်ထပ် ဒုံး ကျည်များ ပစ်လွှတ်တင်ခဲ့ကြောင်း နံနက် ၂ နာရီ ၃၀ မိနစ်ခန့်တွင် အစ္စရေးတပ်မတော်က သတိပေး ခဲ့ပြီး မြို့သူမြို့သားများကို ခိုလှုံ ရာနေရာများသို့ သွားရောက်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# မိုးရွာလျှင် မီးရနိုင်ပါသလား

မောင်မောင်စွယ်စုံထွန်း

မိုးတွေ ဒီလောက်ရွာတာ မီးတွေပျက်တုန်းပဲ စသည်ဖြင့် ပြောသံများ ကြားနေရ၍ ဤဆောင်းပါးကို ရေးရခြင်း ဖြစ်ပါသည်။ တစ်ခါတရံ ညဘက် ပုံမှန် Load Shed တွေကလည်း ရှိနေပါသေးသည်။ မိုးတွေသည်းပြီး ရေတွေကြီးနေတာ တစ်ရက် လေးနာရီလောက် ပျက်တာပဲ ဖြစ်သင့်တာပေါ့ မဟုတ်ဘူးလားဆိုတဲ့ မေးတာတွေ ကြုံရသလို ပြောနေတာလည်း ကြားနေရပါသည်။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ရေတိုင်းဟာ သောက်သုံး၍ မရသလို ရေရှိတိုင်းလည်း လျှပ်စစ်ဓာတ်အားကို ထုတ်လို့ရနိုင်တာလည်း မဟုတ်ပါ။ ထိုနည်းအတူ လျှပ်စစ်ဓာတ်အား ထုတ်လို့ရနိုင်တဲ့ အရင်းအမြစ်တွေရှိနေပေမယ့်လည်း ထုတ်လို့ရတဲ့ ဓာတ်အားပေးစက်တွေ တည်ဆောက်မထားရင် လျှပ်စစ်မီးမရနိုင်သလို ဘာမှလည်းအကျိုးမရှိနိုင်ပါ။ နောက်ထပ်အခြေအနေတစ်ခုက အဆိုပါနေရာမှာ တည်ဆောက်ထားတဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရဲ့ စက်တွေ ကြံ့ခိုင်ကောင်းမွန်နေဖို့လည်း လိုအပ်နေပါသေးသည်။ ဖော်ပြပါအခြေအနေတွေနဲ့ ပြည့်စုံမှသာ လျှပ်စစ်ဓာတ်အားထုတ်ယူလို့ ရရှိနိုင်မှာ ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိခြင်းဟာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းနဲ့ ၁၀၀ ရာခိုင်နှုန်း တိုက်ရိုက်ပတ်သက်မနေပါ။ ဓာတ်အားရရှိဖို့က အောက်ပါအချက်တွေ လိုအပ်နေပါသေးသည်။

ထုတ်ယူရရှိတဲ့ လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများထံသို့ ပမာဏများများ Wireless System နဲ့ ပေးပို့သုံးစွဲနိုင်တာ ကမ္ဘာပေါ်မှာ ယနေ့အချိန်ထိ မရှိသေးပါ။ ဓာတ်အားလိုင်းများ တည်ဆောက်ပြီးမှသာ ပေးပို့ရပါသည်။ အဆိုပါအချက်သည် လက်ရှိဓာတ်အားမရရှိသည့် အဓိကပြဿနာအကြောင်းတစ်ချက်လည်း ဖြစ်ပါသည်။ ဥပမာ-ရွှေလီ(၁)ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၆၀၀ မဂ္ဂါဝပ်ရှိပြီး လက်ရှိရာသီဥတု အခြေအနေအရ Fully Operation အပြည့်မောင်းနှင်နိုင်သော အနေအထားမှာရှိသော်လည်း တရုတ်နိုင်ငံက တည်ဆောက်ထားတာဖြစ်လို့ တရုတ်ကို ၂၀၀ မဂ္ဂါဝပ် ပေးရပါသည်။ ၂၀၀ မဂ္ဂါဝပ်သာရပြီး ကျန် ၂၀၀ မဂ္ဂါဝပ်ကို ဈေးသက်သာစွာဖြင့် ထပ်မံဝယ်ယူခွင့်ရသည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် ၄၀၀ မဂ္ဂါဝပ် ရယူသုံးစွဲနေသော်လည်း လက်ရှိရှမ်းမြောက် ပဋိပက္ခတွေကြောင့် ဓာတ်အားလိုင်းပျက်စီးမှုကို ပြုပြင်နိုင်ခြင်း မရှိသေးသောကြောင့် ရွှေလီဘက်မှ ဓာတ်အားက အဟောသိကံ ဖြစ်နေရပါသည်။ အလားတူကယားပြည်နယ်၊ ဘီလူးချောင်း (၁)၊ (၂)၊ (၃) ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားများလည်း ဓာတ်အားလိုင်းများပျက်စီးမှုကြောင့် ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိပေမယ့် ဓာတ်အားရယူသုံးစွဲနိုင်စွမ်း မရှိသေးပါ။ ထိုနည်းတူ ရွှေကျင်ဓာတ်အားလိုင်းလည်း ပြုပြင်၍ မရပါ။ ဒ့ါအပြင် သဖန်းဆိပ်ရေလှောင်တမံ၏ ဓာတ်အားလည်း မရသေးပါ။ မပြင်ကြတော့ဘူးလားဆိုလျှင် ပြီးခဲ့သည့်နှစ်က ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံးစက်၏ Double Circuit Line ပြုပြင်တာပြီးလို့ ပမာဏအနည်းငယ်တိုးလာပြီး စက်မှုဇုန်တွေမှာ ယခင်တစ်ရက်လျှင် ၄ နာရီမှ တစ်ရက်လျှင် ၈နာရီအထိ တိုးပေးလာနိုင်ပါသည်။ အဆိုပါစက်ရုံသည် ရွှေသဘာဝဓာတ်ငွေ့သိုက်ကနေ အခမဲ့ရရှိသော ဓာတ်ငွေ့ကို အသုံးပြုပြီး ကုမ္ပဏီနှင့် အကျိုးတူလည်ပတ်နေတာ ဖြစ်ပါသည်။ ထို့အတူ ကလေးဘက်ကိုပေးတဲ့ ညောင်ပင်ကြီးလိုင်းကို ပြုပြင်တာပြီးလို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါသည်။ လျှပ်စစ်ဌာနအနေနဲ့ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် နိုင်ရာဝန်ကို တိုက်ပွဲကြား၊ ကျည်ဆန်ကြားက ရအောင်ပြုပြင် ဆောင်ရွက်ပေးနေကြပါသည်။ လက်ရှိပြုပြင်ပြီးစီးတဲ့ လိုင်းတွေရဲ့ တည်နေရာ၏ နယ်မြေအခြေအနေကို ကြည့်ရင် သိနိုင်ပါသည်။ ထုတ်လုပ်နိုင်စွမ်းရှိသမျှ လျှပ်စစ်ဓာတ်အားရရှိဖို့၊ ဓာတ်အားလိုင်းများ ကြံ့ခိုင် ကောင်းမွန်နေဖို့ လိုအပ်တာဖြစ်လို့ အခြေအနေပေးတာနဲ့ ပြုပြင်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါသည်။ ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်းသည် ဘယ်သူကြောင့်ဆိုတာထက် လက်ရှိဓာတ်အား မရရှိခြင်း၏ အဓိကအခြေခံအကြောင်းတရားများ ဖြစ်နေတာကမည်သူမှ ငြင်း၍မရပါ။ ပြင်ရမယ့်တာဝန် မရရအောင် ပြင်ပါဆိုလျှင်လည်း လူတိုင်းက တူညီသောတန်ဖိုးရှိတဲ့ အသက်ကိုယ်စီနဲ့ဖြစ်လို့ ကိုယ်ချင်းစာတရားနဲ့သာ ရှုမြင်ပေးကြပါ။ ဓာတ်အားလိုင်းများ ဘေးကင်းပါစေ၊ ပြည်သူအများ မီးပို၍ ရကြပါစေ။ ဆုတောင်းပေးဖို့ တစ်ခုသာရှိပါသည်။ သည်နေရာမှာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေး သဘောသဘာဝကိုလည်း အကြမ်းဖျင်းထပ်မံရှင်းပြလိုပါသည်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သောနေရာလို့ သတ်မှတ်ပြီးတဲ့အခါ စိတ်ဝင်စားတဲ့ နိုင်ငံတကာကုမ္ပဏီများက အရင်ဆုံး ခွင့်ပြုချက်စာတင်ပြီး လေ့လာပါသည်။ ရေစီးနှုန်း၊ တည်ဆောက် မည့်ဒီဇိုင်း၊ ဒီဇိုင်းအရ ထုတ်လုပ်နိုင်မည့်ပမာဏ၊ တစ်နှစ်တာ စုစုပေါင်း ထုတ်လုပ်နိုင်မည့် လျှပ်စစ်ပမာဏ၊ စုစုပေါင်း တည်ဆောက်ရန် ကုန်ကျစရိတ် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု၊ လူမှုဘဝအပေါ် ထိခိုက်နိုင်မှု စသည့်အချက်များကို ရေးသားပြုစုပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ စာတမ်းပြုစုပြီး တင်ပြကြရပါသည်။ ဌာနက တင်ပြလာသော ကုမ္ပဏီများ၏ စာတမ်းများကို ဖတ်ရှုလေ့လာသုံးသပ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး၊ လူမှုဘဝထိခိုက်မှုအနည်းဆုံးနဲ့ စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့် ဒီဇိုင်းကို တွက်ချက်တင်ပြထားသော ကုမ္ပဏီများကို ခေါ်ယူ၍ ဌာနဘက်က ဝယ်ယူမည့်ပမာဏနဲ့ အကျိုးအမြတ်ခွဲဝေရေးအတွက် ညှိနှိုင်းကြပါသည်။ ဤနေရာမှာ လက်ရှိဆောင်ရွက်နေသော နည်းလမ်း(၃)သွယ်ကိုလည်း ရှင်းပြလိုပါသည်။



## နည်းလမ်း(၁)

နိုင်ငံအနေနှင့် တတ်နိုင်လျှင် တည်ဆောက်မှုကုန်ကျစရိတ်အားလုံးကို စိုက်ထုတ်ပြီး တည်ဆောက်မည်ဆိုပါက နိုင်ငံပိုင်စက်ရုံဖြစ်လာမည်ဖြစ်ပြီး ထွက်သမျှ ဓာတ်အား၏ ၁၀၀ ရာခိုင်နှုန်းအား ရယူနိုင်မည်ဖြစ်သည်။ ကုန်ကျငွေသည် အမေရိကန်ဒေါ်လာ သန်းရာချီကုန်ကျနိုင်သဖြင့် နိုင်ငံစီးပွားရေးအခြေအနေအရဖြစ်စေ၊ စီးပွားရေးတွက်ခြေကိုက်မှုအရဖြစ်စေ အများအားဖြင့် မရွေးချယ်ကြပါ။

## နည်းလမ်း(၂)

အကယ်၍ တည်ဆောက်မှုအားလုံးအား ကုန်ကျစရိတ် တစ်ပြားမှစိုက်ထုတ်ခြင်း မပြုနိုင်ပါကလည်း နိုင်ငံ၏ အရင်းအမြစ်ကို သုံးစွဲရသည့်အတွက် ထွက်လာသည့် ဓာတ်အားစုစုပေါင်း၏ အနည်းဆုံးအနေဖြင့် ၁၀ ရာခိုင်နှုန်းနှင့် ကုန်ကျစရိတ် (အရင်းအနှီး)၏ ၁၅ ရာခိုင်နှုန်းအား ရှယ်ယာအဖြစ် အခမဲ့ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်လေ့ရှိပါသည်။ ထို့ကြောင့် ကျန်ဓာတ်အားများကို ကုမ္ပဏီမှ မည်သည့်နိုင်ငံသို့ရောင်းချသည်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ ရောင်းချသည်ဖြစ်စေ၊ နှစ်စဉ် အခွန်များစည်းကြပ်ကောက်ခံမည်ဖြစ်၍ အခွန်များလည်း ရရှိမည်ဖြစ်သည်။ အကယ်၍ အမြတ်ငွေရရှိပါက ၁၅ ရာခိုင်နှုန်း ရှယ်ယာရရှိနေသည့်အတွက် အကျိုးအမြတ်၏ ၁၅ ရာခိုင်နှုန်းအား ရရှိနေမည်လည်း ဖြစ်ပါသည်။ ထွက်သမျှဓာတ်အား၏ ကျန် ၉၀ ရာခိုင်နှုန်း ပမာဏအားလုံးအား လျှပ်စစ်ဌာနမှ ဝယ်ယူနိုင်လျှင် ကုမ္ပဏီမှ တစ်ယူနစ်လျှင် ဘယ်ဈေးနှုန်းဖြင့် ရောင်းချမည်။ ဤတွင် နွေရာသီရောင်းဈေးနှင့် မိုးရာသီရောင်းဈေး ပမာဏအနည်းငယ်ကွာခြားမည် ဖြစ်သကဲ့သို့ မိုးရာသီတွင်လည်း မဖြစ်မနေအနည်းဆုံး ဝယ်ယူရမည့် ပမာဏများနှင့် ဈေးနှုန်းများကိုပါ ညှိနှိုင်း၍ စာချုပ်များ ချုပ်ဆိုကြရသည်။ ၉၀ ရာခိုင်နှုန်းပြည့် မဝယ်ယူနိုင်ပါကလည်း စုစုပေါင်း၏ ဘယ်လောက်ရာခိုင်နှုန်းဝယ်ယူပြီး ကျန်ဓာတ်အားကို ဘယ်နိုင်ငံအား ရောင်းချမည်ဖြစ်ကြောင်း ကနဦးစာချုပ် ချုပ်ဆိုကတည်းက တစ်ပါတည်း ရေးသွင်းပြီး ချုပ်ဆိုကြရသည်။ အခုတော့ ၄၀ ရာခိုင်နှုန်း ဝယ်ဦးမယ်။ နောက်လိုအပ်မှ လိုအပ်သလို ဝယ်ပါမည်ဆိုတာမျိုး လုပ်၍မရပါ။ ကြိုတင်ညှိနှိုင်းချုပ်ဆိုရသည်မျိုး ဖြစ်ပါသည်။ ရောင်းချမည့် နိုင်ငံအားဓာတ်အားလိုင်း တည်ဆောက်ထားရသဖြင့် ကုန်ကျစရိတ်များအရ တွက်ချက်ရောင်းချထားရ၍ ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းလုပ်ကိုင်ခွင့် အချိန်ကာလပမာဏကိုပါ ညှိနှိုင်းကြရပါသည်။ အများအားဖြင့် နှစ်(၃၀)+ ငါးနှစ် (လိုအပ်ပါက သက်တမ်းတိုးနိုင်သည့် ပမာဏ)ဖြင့် ချုပ်ဆိုကြပြီး သတ်မှတ်ကာလကျော်လွန်ပါက အဆိုပါစက်ရုံသည် နိုင်ငံတော်ပိုင်စက်ရုံဖြစ်လာမည် ဖြစ်သည်။ ဆိုလိုသည်မှာ ၃၅ နှစ် ကျော်လွန်ပြီးပါက ထွက်သမျှဓာတ်အား၏ ၁၀၀ ရာခိုင်နှုန်းအား နိုင်ငံတော်မှ ပေးချေဝယ်ယူရန်မလိုအပ်ဘဲ ထိန်းသိမ်းပြုပြင်ကုန်ကျစရိတ်သုံးစွဲ၍ အခမဲ့ရရှိနေမည် ဖြစ်သည်။

## နည်းလမ်း(၃)

ကုန်ကျစရိတ်အားလုံး၏ ရာခိုင်နှုန်းတစ်ခုအထိ နိုင်ငံတော်မှစိုက်ထုတ်၍ ကျခံမည်ဖြစ်ပြီး ကျန်ပမာဏအား ဆောင်ရွက်လိုသည့် ကုမ္ပဏီမှ ကျခံမည့် ပုံစံဖြစ်သည်။ ဤကဲ့သို့ စိုက်ထုတ်ထားရသဖြင့် ဓာတ်အားရရှိမှုသည် အခမဲ့ ၁၀ ရာခိုင်နှုန်း+ စိုက်ထုတ်ထားသည့်ပမာဏအရ ရရှိမည့်ဓာတ်အားနှင့် ရှယ်ယာအားဖြင့် အခမဲ့ ၁၅ ရာခိုင်နှုန်း+ စိုက်ထုတ်ထားသည့် ပမာဏအရ ရရှိသည့် ရာခိုင်နှုန်းဟူ၍ ပြောင်းလဲသွားမည်ဖြစ်ကာ နှစ်စဉ်အမြတ်ငွေ၊ အခွန်နှင့်ဓာတ်အားများ ရရှိနေမည်ဖြစ်ပေသည်။ နည်းလမ်း(၂)ကဲ့သို့ ကျန်ဓာတ်အားဝယ်ယူလိုပါကလည်း ညှိနှိုင်းဝယ်ယူနိုင်မည် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ လာရောက်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများအနေဖြင့် ညှိနှိုင်းဈေးနှုန်း အဆင်ပြေပါက မြန်မာနိုင်ငံ၏ ဓာတ်အားကို မြန်မာနိုင်ငံတွင်သာ ရောင်းချလိုကြပါသည်။ အကယ်၍ မဝယ်ယူပါက တခြားနိုင်ငံသို့ တင်ပို့ရောင်းချရသည့်အခါ ဓာတ်အားခ ဈေးနှုန်းပိုရသော်လည်း ဓာတ်အားလိုင်းတည်ဆောက်စရိတ် ကြီးမြင့်မှု၊ တည်ဆောက်မှုလုပ်ငန်းကြာမြင့်မှု၊ ဓာတ်အားလိုင်းထိန်းပြင်စရိတ်တို့နှင့် နှိုင်းယှဉ်သော် တွက်ခြေသိပ်မကိုက်သည့်အတွက်ကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဓာတ်အားလိုအပ်ချက်များစွာ မြင့်မားနေသည့်အတွက်ကြောင့် အခမဲ့ဓာတ်အားရရှိမှုများအား ပြန်လည်ရောင်းချထားခြင်းမျိုးလုံးဝမရှိဘဲ လာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများထံမှ တတ်နိုင်သမျှ ညှိနှိုင်းဝယ်ယူလျက်ရှိပါသည်။ ဓာတ်အားပိုလျှံနေသော အိမ်နီးချင်းလာအိုနိုင်ငံမှ ဓာတ်အားကို ဓာတ်အားလိုင်းအသစ်တည်ဆောက်၍ အကုန်အကျခံဝယ်ယူရန် ပြင်ဆင်လျက်လည်းရှိပါသည်။ သို့သော် သက်ဆိုင်ရာ ကုမ္ပဏီများအနေဖြင့် နည်းလမ်း(၂)၊ (၃)ပါအတိုင်း ဌာနမှ စာချုပ်ချုပ်ဆိုကတည်းက မဝယ်ယူထားသည့် ၎င်းတို့၏ ဓာတ်အားများကိုမူ ပို့ဆောင်ရလွယ်ကူသော အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချခြင်းရှိပါသည်။ ဥပမာ-ရွှေလီ(၁)စက်ရုံကဲ့သို့မျိုးဖြစ်သည်။ ပမာဏအားဖြင့် အလွန်နည်းပါးပါသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံအနေဖြင့် အရင်းမစိုက်ဘဲ လူမှုပတ်ဝန်းကျင်ဘဝ ထိခိုက်မှုနည်းသော စီမံကိန်းများအား အကောင်အထည်ဖော်၍ အခမဲ့ဓာတ်အားများများ ရရှိအောင် ကြိုးစားညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ရေရှိရုံသက်သက်ဖြင့် မီးရမည်မဟုတ်ဘဲ ရေအားစက်ရုံစီမံကိန်းကြီးများ အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် no coal , no dam ဆိုသော ကန့်ကွက်မှုမျိုးလည်း ရှိမနေရန် အထူးလိုအပ်လှပါကြောင်း ရှင်းလင်းရေးသား တင်ပြလိုက်ရပါသည်။




## အီတလီ၏ တစ်နှစ်တာ တန်ဖိုးအရှိဆုံး ကစားသမားအဖြစ် တွမ်မီနေး သတ်မှတ်ခြင်းခံရ



**တူရင် ဇွန် ၁၅**

နာပိုလီအသင်း ကွင်းလယ်ကစားသမား တွမ်မီနေးသည် အီတလီ၏ တစ်နှစ်တာတန်ဖိုးအရှိဆုံး ကစားသမားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် နာပိုလီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ ပွဲ ကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြခဲ့သလို အသင်းအား စီးရီးအေ ချန်ပီယံဆုရရှိအောင် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့မှုကြောင့် ယခုလို သတ်မှတ်ခြင်းခံခဲ့ရသည်။

ထို့ပြင် ကွင်းလယ်ကစားသမား တွမ်မီနေးသည် စီးရီးအေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တွမ်မီနေးက "ကျွန်တော်အခုလို အီတလီရဲ့ တစ်နှစ်တာ တန်ဖိုးအရှိဆုံး ကစားသမားအဖြစ် သတ်မှတ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်လာမယ့် ဘောလုံးရာသီမှာလည်း အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ရှာခါအား ခေါ်ယူရန် အေစီမီလန်အသင်း စီစဉ်

**လန်ဒန် ဇွန် ၁၅**

အေစီမီလန်အသင်းသည် လာမည့် ဘောလုံးရာသီ ကွင်းလယ်ပိုင်းအင်အားဖြည့်တင်းရန်အတွက် လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ရှာခါအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ ပွဲ ကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ရှာခါကလည်း လက်ရှိအချိန်တွင် လေဗာကူဆင်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ရှာခါအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## မန်ချက်စတာယူနိုက်တက်အသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်သော ယောကရက်စ်

**လန်ဒန် ဇွန် ၁၅**

စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး ယောကရက်စ်သည် မန်ချက်စတာယူနိုက်တက်အသင်း၏ ကမ်းလှမ်းလာမှုကို ငြင်းပယ်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ယောကရက်စ်၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့ရပြီး ကစားသမား၏ ငြင်းပယ်မှုသာ ခံခဲ့ရသည်။

ထို့ပြင် တိုက်စစ်မှူး ယောကရက်စ်ကို မန်ချက်စတာယူနိုက်တက်အသင်းအပြင်၊ အာဆင်နယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းက ငြင်းပယ်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ယောကရက်စ်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၂ ပွဲ ကစားပြီး ၉၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ) (NGB)





## နည်းပြ ပိုစတီကိုဂလူးအား နည်းပြသစ်အဖြစ်ခန့်အပ်ရန် အယ်လ်အာလီအသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၁၅**

ဆော်ဒီပရီလီဂ်ကလပ် အယ်လ်အာလီအသင်းသည် အသင်းနည်းပြသစ်အဖြစ် မကြာသေးမီက စပါးအသင်းနှင့် လမ်းခွဲထားသည့် နည်းပြ ပိုစတီကိုဂလူးအား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၅၉)နှစ်အရွယ်ရှိ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဆဲလ်တစ်၊ စပါးစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အောင်မြင်မှုများစွာ ရယူထားနိုင်ခဲ့ခြင်းကြောင့် အယ်လ်အာလီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူးကလည်း အယ်လ်အာလီအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ ပိုစတီကိုဂလူးအား အယ်လ်အာလီအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အဆန်စီယို ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇွန် ၁၅**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း နောက်ခံကစားသမား အဆန်စီယိုအား ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အဆန်စီယိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။

အသက်(၂၂)နှစ်အရွယ်ရှိ အဆန်စီယိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းက ကမ္ဘာ့အကြီးကျယ်အခမ်းနားဆုံး အသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ ဆုဖလားများစွာလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* မိုနာကိုအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဂျူဗင်တပ်အသင်းကွင်းလယ်ကစားသမားဟောင်း ပေါ့ဂ်ဘာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

* ဖီနာဘာချီအသင်းသည် မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ဝေါ်လ်ကာအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## ချာဟာနိုဂလူးအား ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ ရရှိပါက အင်တာမီလန်အသင်း ရောင်းချသွားမည်

**မီလန် ဇွန် ၁၅**

အင်တာမီလန်အသင်းသည် အသင်းဝါရင့် ကွင်းလယ်ကစားသမား ချာဟာနိုဂလူးအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။



အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် တူရကီကလပ် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ချာဟာနိုဂလူးသည် အင်တာမီလန် အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၂ ပွဲ ကစားပြီး ၃၈ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် အင်တာမီလန်အသင်းမှ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ချာဟာနိုဂလူးအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဇွန် ၂၂ ရက်တွင် စတင်မည်

**ဟမ်းဘတ် ဇွန် ၁၅**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၂၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။



2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှားတင်းနစ်မယ် Diana Shnaider ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်) ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | | |
|---|---|---|---|---|---|
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁:၃၀ နာရီ | D | ချဲလ်ဆီး (အင်္ဂလန်) | - | လော့အိန်ဂျလိစ် (အမေရိကန်) |
| ။ | နံနက် ၀၄:၃၀ နာရီ | C | ဘိုကာဂျူနီယာ (အာဂျင်တီးနား) | - | ဘင်ဖီကာ (ပေါ်တူဂီ) |
| ။ | နံနက် ၀၇:၃၀ နာရီ | D | ဖလာမင်ဂို (ဘရာဇီး) | - | အက်စ်ဖရန်တူးနစ် (တူနီးရှား) |

# လက်ပံချည်ပေါ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖလံတောကျေးရွာအုပ်စု၊ လက်ပံချည်ပေါ်ကျေးရွာ၌ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ လက်ပံချည်ပေါ်ကျေးရွာ၌ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် လိုအပ်သည့် နည်းပညာများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးသည်။

လက်ပံချည်ပေါ်ကျေးရွာ၌ အရှည်ပေ ၄၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ငါးသန်း၊ စုစုပေါင်းငွေကျပ် သန်း ၂၀ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် ဇွန် ၁၃ ရက်မှစ၍ လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ ကျေးရွာအတွင်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက လက်ပံချည်ပေါ်ကျေးရွာရှိ အိမ်ထောင်စု ၇၂ စု၊ လူဦးရေ ၃၀၃ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)






# ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နိုလမ် ဇွန် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးက ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိမိတို့ဌာန၊ မြို့ရွာများအတွင်း သန့်ရှင်းသာယာလှပရေး၊ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပညာရေးနှင့်ဒေသဖွံ့ဖြိုးရေး ကဏ္ဍလိုအပ်ချက်များကို အလေးထားလုပ်ဆောင်သွားကြရန်နှင့် ပူးပေါင်းပါဝင်ရန်ပြောကြားသည်။

ထို့နောက် နောင်ဟင်းငေးကန် သန့်ရှင်းရေး၊ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲနှင့် ငါးလွှတ်ပွဲပြုလုပ်မည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ရေပြင်ရှာဖွေကယ်ဆယ်ရေးသုံး Speed Boat အသုံးပြုမောင်းနှင်ခြင်းသင်တန်း ငါးရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချ

**မန္တလေး ဇွန် ၁၅**

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး) နှင့် ကမ္ဘောဇဘဏ်တို့ပူးပေါင်း၍ မိုးရာသီအတွင်း ရေကြီး၊ ရေလျှံ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား စနစ်တကျဖြင့် အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်၊ အရည်အသွေးပြည့်ဝသော အသက်ကယ်ဆယ်ရေးသမားများပေါ်ထွက်လာစေရန်နှင့် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကျွမ်းကျင်ကယ်ဆယ်ရေးသမားအင်အား လုံလောက်စွာရှိနိုင်စေရန် ရည်ရွယ်၍ ဇွန် ၁၁ရက်မှ ၁၅ ရက်အထိ သင်ခန်းစာပို့ချခြင်းကို ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ ကမ္ဘောဇကူညီကယ်ဆယ်ရေး စင်တာတွင်လည်းကောင်း၊လက်တွေ့လေ့ကျင့်ခြင်းကို ကန်တော်ကြီး ရေပြင်တွင် ပြုလုပ်ခဲ့ကြသည်။



သင်တန်းတွင် ကယ်ဆယ်ရေးသုံး Speed Boat အမျိုးအစားများအကြောင်း၊ အင်ဂျင်များအကြောင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေပြင်ကယ်ဆယ်ရေး ဆောင်ရွက်နေစဉ် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများအား ထိရောက်စွာ ဖြေရှင်းနည်းများ၊ ရေစုန်၊ ရေဆန်၊ ရေငြိမ်ကမ်းကပ်ခြင်းနှင့် ရေလှိုင်းတို့၏ သဘောသဘာဝများ၊ရေပြင်အသက်ကယ်ဆောင်ရွက်ခြင်းနည်းစနစ်များ၊ Sonar&GPS အသုံးပြုနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

(ဝ၄၅)

# သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**သာစည် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသား၊သမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။




ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀ နှုန်း၊ Grade-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူလေးဦးတို့အား တစ်ဦးလျှင် ၅၀၀၀၀ နှုန်း၊ အထက်တန်းအဆင့် ၁၀ ဦးအား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ရှစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှုန်း၊ မူလတန်းအဆင့် ၃၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် မူကြိုကျောင်းသား၊ ကျောင်းသူ ငါးဦးအား တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းတို့ဖြင့် ပညာသင်ထောက်ပံ့ကြေးများပေးအပ်သည်။ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သား၊ သမီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဓဲပုံ) (၄၈၇)

# Covid-19 ရောဂါကာကွယ်ဆေး Pfizer များ ထိုးနှံပေး

**မန္တလေး ဇွန် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဇွန် ၁၃ရက်က မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံနှင့် အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)တို့တွင် Covid-19 ရောဂါကာကွယ်ဆေး pfizer များထိုးနှံပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် ခုတင် ၃၀၀ သင်ကြားရေးဆေးရုံမှ ဝန်ထမ်း ၁၂၀ ဦး၊ မိသားစုဝင် ၂၃၀ ဦး၊ အရိုးရောဂါ အထူးကုဆေးရုံကြီး (မန္တလေး)မှ ဝန်ထမ်း ၁၆၀ဦး၊ မိသားစုဝင် ၁၅၀ဦး ၊ စုစုပေါင်း ဝန်ထမ်း ၂၈၀ ဦး မိသားစုဝင် ၃၈၀ဦးအား Covid-19ရောဂါကာကွယ်ဆေး pfizer များကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ချမ်းမြသာစည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)** (ဝ၉၃)





## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင် ဌာနဆိုင်ရာများ စုပေါင်း၍ မကွေးတက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုအား ကြည့်ရှုအားပေး

**မကွေး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ်(စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက်ပိုင်းက မကွေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးတက္ကသိုလ်ဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များအား အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တာဝန်ရှိသူများနှင့်အတူ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ မကွေးမြို့သည် တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့်လျော်ညီစွာ သန့်ရှင်းသာယာလှပရေးသည် အရေးကြီးပါကြောင်း၊ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ပျော်ရွှင်စွာ ပညာသင်ယူခွင့်ရရှိနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ အဆောက်အအုံများ ဥပမိရုပ်ကောင်းမွန်ရေးသည် အလွန်အရေးကြီးပါကြောင်း ပြောကြားပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့စည်းများအား အချိုရည်၊ မုန့်၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ဝေငှခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်းဦးစီးဌာန တောင်ပြင်(၂)ရပ်ကွက် မူလတန်းကြိုကျောင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းလင်းနေဇာက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ခြင်နှင့် ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရေး၊ ရေတွင်း၊ ရေကန်၊ ရေအိုးများ၊ ညောင်ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်၊ ဖွင့်၊ ထောင်၊ လောင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ တောင်ပြင်(၂) ရပ်ကွက် မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူနှင့် မိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသုကာမြေ)**



## အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော မြို့နယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရပ်စောက် ဇွန် ၁၅**

၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော ရပ်စောက်မြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများအား ဂုဏ်ပြုစကား ပြောကြားပြီး ရပ်စောက်မြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးသန်းဝင်းက အောင်ပွဲရရှိရေး အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ပြီးနောက် ပြိုင်ပွဲဝင် ရပ်စောက်မြို့နယ် ဘောလုံးအသင်း ကိုယ်စား ဂိုးသမား မောင်ဖွဲ့နိုင်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## ကျေးလက်နေပြည်သူများနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်မည့် ကျေးလက်ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲရရှိနိုင်ရေး အတွက် စီမံကိန်းကျေးရွာများတွင် ဆောင်ရွက်မည့် သတ်မှတ်ကျေးရွာများသို့ ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီမှ စတင်၍ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ယူနီဆက်မှ တာဝန်ရှိသူများနှင့် ကျေးလက်ရေရရှိရေး ဦးဆောင်သူများဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ဖြင့် ဆောင်ရွက်မည့် ငါ့လင်းပုတ်ကျေးရွာ၊ ထနောင်းဝန်းကျေးရွာ၊ ကုန်းရွာ၊ တောင်ရှေ့ကျေးရွာ၊ တောင်ပုံဝကျေးရွာများတွင် ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးတွင် စက်ရေတွင်းများ၊ ဆိုလာတပ်ဆင်မည့်နေရာများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆိုလာစနစ်တပ်ဆင်ခြင်းဖြင့် လေထုညစ်ညမ်းမှု သက်သာစေမည်ဖြစ်ပြီး ဒီဇယ်၊ ဓာတ်ဆီဖိုးကုန်ကျမှု သက်သာစေမည့်အပြင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**(၄၈၁)**

## ကျောက်ဆည်မြို့နယ်တွင် ရေရရှိရေးနည်းလမ်းဖြင့် မိုးစပါး ၅၁၉၃၃ ဧက လျာထားစိုက်ပျိုးသွားမည်

**ကျောက်ဆည် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ခုနှစ်တွင် ရေရရှိရေး နည်းလမ်းဖြင့် မိုးစပါး ၅၁၉၃၃ ဧက လျာထားစိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ သိရသည်။



ရေရရှိရေးနည်းလမ်းဖြင့် မိုးစပါးများ စိုက်ပျိုးရာ၌ ဇော်ဂျီဆည်၊ နွားတက်မြောင်းရေသောက်စနစ်တွင် ၁၅၈၀၈ ဧက၊ အထက်လင်းဇင်းမြောင်းရေသောက်စနစ်တွင် ၈၁၃ ဧက၊ ငပြောင်မြောင်းရေသောက်စနစ်တွင် ၃၄၅၈ ဧက၊ သင်းတွဲမြောင်းရေသောက်စနစ်တွင် ၇၀၆၂ ဧက၊ မင်းရဲမြောင်းရေသောက်စနစ်တွင် ၂၅၆၄ ဧက၊ တမုတ်မြောင်းရေသောက်စနစ်တွင် ၅၄၇၃ ဧက၊ ဇီးတောမြောင်းရေသောက်စနစ်တွင် ၈၁၆ ဧက၊ ကင်းတားဆည်၊ သင်းဒီးမြောင်းရေသောက်စနစ်တွင် ဧက ၅၉၁၀၊ ထုံးကြီးမြောင်းရေသောက်စနစ်တွင် ၂၅၂၁ ဧက၊ စမာမြောင်းရေသောက်စနစ်တွင် ၇၀၇၂ ဧက၊ သစ်တက်ကုန်းဆည်၊ သစ်တက်ကုန်းမြောင်းရေသောက်စနစ်တွင် ၄၃၆ ဧက၊ စုစုပေါင်း ၅၁၉၃၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနအနေဖြင့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပျိုးထောင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ရေပေးဝေမြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် စပါးစိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**ခရိုင်(ပြန်/ဆက်)**

ဝတ္ထုတိုကဏ္ဍ

# မြင်ကွင်းကျယ် အချစ်ဝတ္ထု

နေမျိုး



**(၉-၆-၂၀၂၅)ရက်နေ့ စာမျက်နှာ-၁၄ မှအဆက်**

ဆုတ်ခွာစ နွေရက်များမှာ ဖြစ်သည်။

ကျွန်တော်သည် အပြီးသတ်ရေးဆွဲစရာရှိသည်များ ရေးဆွဲလျက်ရှိ၏။ ပျင်းရိဖွယ်ကောင်းသော နွေနေ့များ တရွေ့ရွေ့နှင့် ကုန်ဆုံးလုနီးလာချေပြီ။ ကျွန်တော် တာဝန်ယူထားသော အလုပ်မှာ ပြီးစီးလုနီးပြီ။ နောက်ဆုံး တစ်ဖောင်သာ ရေးဆွဲရန်ကျန်တော့၏။ သည်အလုပ်ကိုလည်း ကျွန်တော် ငြီးငွေ့လှပြီ။ ထိုက်သင့်သော ငွေကြေးရရှိသည်မှန်သော်လည်း သည်အလုပ်ကို စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေပြန်သည်။ ကုန်ဆုံးခဲ့သော ညများတွင် အခန်းထဲအောင်း၍ ဦးခေါင်းကို တဂျစ်ဂျစ်ကုတ်ကာ စက်ရုပ်သဖွယ် အလုပ်ကို တကုပ်ကုပ် လုပ်နေခဲ့ရ၏။

စားပွဲမှ ကျွန်တော်ထလိုက်သည်။ တံခါးရွက်တစ်ချပ်ကို တွန်းဖွင့်လိုက်၏။ အပြင်ဘက်မှာ လေတဟူးဟူး တိုက်ခတ်လျက်ရှိ၏။ ခေါင်မိုးများပေါ် ထိုးထွက်နေသော သစ်ကိုင်းများ ငြိမ့်ခနဲ ငြိမ့်ခနဲ လှုပ်ရှားလျက်ရှိ၏။

အိမ်ရှေ့လမ်းမှ နေ့စဉ်ဖြတ်သွားနေကျ မြင်းလှည်းတစ်စီးမှာ ခပ်စောစောကပင် ခွာသံတခွပ်ခွပ်နှင့် ဖြတ်မောင်းသွားခဲ့ပြီဖြစ်သည်။ မြင်းလှည်းမောင်းသမားသည် သူ့ဝသီအတိုင်း ကျာပွတ်ကို လေထဲတွင် တရှီရှီ ဝှေ့ယမ်းလိုက်သေး၏။ မြင်းကြီးက ဘာမှမဖြစ်သလိုပင် ခွာသံတခွပ်ခွပ်ပေးကာ အေးအေးဆေးဆေး ထွက်ခွာသွားတော့၏။ မြင်းလှည်းမောင်းသမားလည်း ကျာပွတ်ကို တရှီရှီဝှေ့ယမ်းကာ ပါသွားတော့၏။ အကယ်၍ သူ စိတ်မထင်ပါက လက်ထဲမှ ကျာပွတ်ဖြင့် မြင်းကြီးကို တရှမ်းရှမ်း ရိုက်ချင်ရိုက်နိုင်သည်။ မြင်းကြီးကတော့ တစ်စုံတစ်ရာ ပြန်လည်ခုခံလိမ့်မည်မဟုတ်။ သူ့ကျောပြင်၌ ထောင်ပေါင်းများစွာသော ကျာပွတ်ရိုက်ချက်များ (အတိအကျ မှတ်တမ်းတင်ထားသူမရှိသဖြင့် ကျာပွတ်ရိုက်ချက် အရေအတွက် ကိန်းဂဏန်း အတိအကျကို ကျွန်တော်တို့ သိခွင့်မရပေ။) ကြုံဖူးခဲ့လှပြီဖြစ်ရာ ယနေ့မှ အသစ်အဆန်းလုပ်၍ နာကျင်ဟန်လည်း ပြလိမ့်မည်မဟုတ်တော့ပေ။ သူ့ကျောပြင်ပေါ်က အဖေးတက်နေသော ထူထူထဲထဲ အရေပြားကြီးကို တစ်ချက်တွန့်ရှုံ့ကာ အမြီးကို ဝှီးခနဲ ခပ်တင်လိုက်ပြီး ခွာသံပြင်းပြင်းပေး၍ ဆက်လက်ထွက်ခွာသွားလိမ့်မည်သာ ဖြစ်သည်။ မြင်းလှည်းမောင်းသမားက မည်မျှပင် ဆူဆူဆဲဆဲ ရိုက်ရိုက် ညနေရောက်လျှင်တော့ အမူးလွန်လာတတ်သူ မြင်းလှည်းသမားကို သယ်ဆောင်ကာ ခွာသံ တခွပ်ခွပ်ဖြင့် အိမ်သို့ တန်းတန်းမတ်မတ် ပြန်ဝင်လာမည်သာ ဖြစ်ပေသည်။

ကျွန်တော်သည် ထိုမြင်းလှည်းကို စီးဖူးသလို မြင်းလှည်းမောင်းသမားနှင့်လည်း အရက်ဆိုင်မှာ ဆုံခဲ့ဖူး၏။ ဆောင်းတွင်း တစ်ညနေမှာ ဘုံဆိုင်တစ်ဆိုင်ထဲ ကျွန်တော်ရောက်နေခဲ့၏။ အခန်းသို့ပြန်ရန် ဆိုင်ထဲမှအထွက် သူနှင့် ကျွန်တော် ဆုံခဲ့မိသည်။ သူသည် မြက်ခြောက်ဦးထုပ်ကြီးကို ဆွဲချွတ်လိုက်၏။ ကျွန်တော်က သူ့အနားကို တိုးကပ်သွားကာ ‘ဟေး…’ဟု အော်လိုက်သည်။ (သူသည် နားထိုင်းသူတစ်ဦးတော့ မဟုတ်ချေ) ဤတွင်မှ ကျွန်တော့်ကို သတိပြုမိသွားဟန်ဖြင့်

‘ဟား…ပန်းချီဆရာ၊ မူးနေပြီ ထင်တယ်…ဟုတ်စ’

‘ကိုင်း…လာဗျာ၊ ကျုပ်နဲ့ နည်းနည်းလောက် ထပ်ဖြည့်လိုက်ပါဦး’

သူ၏ နဖူးပြောင်ကြီးကို လက်ဖြင့် တစ်ချက်ပွတ်လိုက်ပြီး ကျွန်တော့် လက်တစ်ဖက်ကိုဆွဲကာ ဆိုင်တွင်းသို့ ဝင်လိုက်လေ၏။ သူသည် စကားကို များများပြော၍ အရက်ကို များများ သောက်သူ ဖြစ်သည်။ အရက်တစ်ခွက် သောက်ပြီးတိုင်း လက်ဝါးနှစ်ဖက် အားရပါးရ ပွတ်ချေလေ့ရှိ၏။ နောက် … သောက်၍ တဖြည်းဖြည်း အရှိန်ရလာပြီဆိုလျှင် ပါးစပ်ကြီးကို ဖွင့်ကာ ပိတ်ကာနှင့်…

‘ကျုပ်မြင်းကလေးဟာလေ ဘယ်လောက်များ လိမ္မာလိုက်သလဲဆိုရင်..’ ဟု အစချီ၍ သူ့မြင်း ခိုင်းကောင်းပုံ၊ လိမ္မာရေးခြားရှိပုံတို့ကို ပြောပြလေတော့၏။ တစ်ညနေက (ထိုတစ်ညနေမှာ အတန်ပင် ကြာမြင့်ခဲ့ပြီဟု ယူဆရပါသည်) သူသည် အမူးလွန်သွားပြီး မြင်းလှည်းပေါ်တွင်တက်ကာ အိမ်သို့ ပြန်လာခဲ့၏။ ကျာပွတ်ကိုပင် မသယ်နိုင်လောက်အောင် မူးနေပြီဖြစ်ရာ လှည်းခုံပေါ်တွင် ကိုးရိုးကားရားထိုင်လျက် လိုက်ပါလာခဲ့ရ၏။ မြင်းလှည်းက ခါတိုင်းလိုပင် သူ့ဟာသူ အေးအေးဆေးဆေး ပြန်လာခဲ့၏။ သို့ရာတွင် မြင်းလှည်းမောင်းသမားက သူ့ကိုယ်သူ ဘယ်လိုမှ မဟန်နိုင်ဘဲ မောင်းခုံပေါ်မှ ပြုတ်ကျသွား၏။

‘လမ်းပေါ်မှာ ပိုးလိုးပက်လက်ကြီး ဖြစ်နေမှာပေါ့ဗျာ’

‘အဲ့ဒါ ဒီကောင် ဘယ်လောက် အကင်းပါးသလဲဆိုရင်…’

သူသည် စားပွဲပေါ်မှ ဖန်ခွက်ကို ကိုင်မြှောက်လိုက်ပြီး ကွတ်ခနဲ မျိုချလိုက်၏။ ထို့နောက် အသားဖတ် တစ်ဖတ်ကို ပါးစပ်အတွင်း ထိုးသွင်းကာ လက်ဝါးနှစ်ဖက်ကို အားရပါးရ ပွတ်လိုက်ပြန်သည်။ ပြီးမှ …

‘အဲ့ဒါ ကျုပ်လဲနေတဲ့ဆီ ကွေ့ပတ်လာပြီး သူ့ခြေထောက်လေးချောင်းနဲ့ ကားရားခွ မိုးပေးထားသဗျ’

‘ခင်ဗျား စဉ်းစားကြည့်စမ်းပါ၊ တိရစ္ဆာန်တစ်ကောင်ဟာ ဘာကြောင့် ဒီလောက်ထိ နားလည်ရသလဲလို့’

သူသည် ကောက်ကာငင်ကာ ဤသို့ မေးခွန်းထုတ်လိုက်ပြီးနောက် ခဏနှင့်ပင် သူ့မေးခွန်းကို သူပြန်မေ့သွားကာ…

‘ကျုပ်သောက်ခဲ့ဖူးတဲ့ ဆိုင်တွေထဲမှာတော့ ဒီဆိုင်က အရက်ဟာ အပျော့ဆုံးပဲဗျို့၊ ဒါပေမဲ့ ဒါကိုပဲ ခုတော့ ကျုပ်က အရသာတွေ့နေပြန်ရော’

ဟု ပြောရင်း အသားဖတ်တစ်ဖတ်ကို ကောက်ဝါးနေလိုက်ပြန်သည်။ နောက် ….

‘ဒီအသားကြော်ရောင်းတဲ့ အဘွားကြီးလေ…ဒေါ်ကြူတ်တဲ့၊ ဟိုတစ်လောကပဲ ဆုံးသွားရှာပြီဗျာ’

ဟု မည်သူကမျှ မမေးသောမေးခွန်းကို ထဖြေနေတတ်ပြန်လေသည်။

‘ကျုပ်တော့ အရက်သောက်ရင် ညနေပိုင်းကို ပိုသဘောတူတယ်၊ ခင်ဗျားရော ဘယ့်နှယ်လဲ’

နောက်တော့လည်း ကျွန်တော်သည် သူ့မေးခွန်းများကို သိပ်အရေးမစိုက်မိတော့။ ပြတင်းပေါက်မှ အပြင်သို့သာ လှမ်းကြည့်နေမိသည်။

ညနေခင်းဖြစ်ပေမယ့် ဆောင်းရက်များဖြစ်သဖြင့် နှင်းမြူများ တဖွဲဖွဲ ကျဆင်းစပြုနေပြီဖြစ်သည်။ ချမ်းစိမ့်စိမ့် ဆောင်းလေသည် အရက်စားပွဲများကြား၌ ဝဲလည်လည်ဖြစ်နေ၏။ ကောင်းကင်မှာ အုံ့ပျပျနှင့် ပြာပြာမှိုင်းမှိုင်း နှင်းမြူများ တဖွဲဖွဲကျဆင်းလျက်ရှိ၏။ လမ်းဘေးရှိ ရှားရှားပါးပါး ဓာတ်မီးတိုင်ကလေးမှာ အဝါရောင်မီးပွင့်ကလေး တစ်ပွင့် လင်းလို့နေပြီ။ မြူမှောင် အုံ့ဆိုင်းနေသဖြင့် လမ်းနံဘေး အိမ်စုကလေးများမှာ ဝိုးတဝါးဖြစ်နေ၏။ ညအမှောင် စတင်ဝင်ရောက်လာပြီး အရက်ဆိုင်ကလေးမှာ တစ်စတစ်စနှင့် လူစည်ကားလာတော့၏။

‘ဟေ့…ပန်းချီဆရာ၊ ဘာတွေတွေးနေလဲ’

‘ဗျို့လူ…ကျုပ်ကို ပန်းချီဆရာလို့ မခေါ်ပါနဲ့ဆိုတာ ဘယ်နှစ်ခါ ပြောနေရမှာလဲ’

‘မေ့သွားလို့ပါ ပန်းချီဆရာရယ်၊ ဟာ…အဟီးဟီး’

‘ခင်ဗျား ဟိုတစ်နေ့က လာသွားတဲ့ အမျိုးသမီးအကြောင်း တွေးနေတယ် မဟုတ်လား၊ အဟား…ကျုပ်သိတယ်နော်’

‘ဘာဗျ…ဘယ်က အမျိုးသမီး’

‘ဘယ်က အမျိုးသမီးရမှာလဲ၊ ခင်ဗျားဆီလာသွားတဲ့ အမျိုးသမီးပေါ့ဗျ၊ ခပ်ချောချောလေးဗျာ၊ ဟင်းဟင်းဟင်း … ကြည့်မနေနဲ့ ကိုယ့်လူ၊ ကျုပ်ကိုယ်တိုင် ခင်ဗျားတို့အိမ်ရှေ့ကို မြင်းလှည်းနဲ့ လိုက်ပို့ပေးခဲ့ရတာ … သိပြီလား’

သူက ကျွန်တော့်ကို ခိုးကြောင်ခိုးဝှက်ကြည့်ကာ ရယ်နေသည်။

‘ဟဲဟဲ…ခင်ဗျားမှာ အမျိုးသမီးတစ်ယောက် စိတ်ဝင်စားစရာ ဘာတွေများ ရှိနေသလဲ မသိဘူး’

‘စိတ်ကူးမလွဲနဲ့ဗျို့၊ လူတစ်ယောက်မှာ အနည်းဆုံး အဖော်တစ်ယောက်တော့ ရှိသင့်တယ်ဗျ’

အရက်တစ်ပုလင်း ကုန်သွားပြီဖြစ်သဖြင့် အာ,က ရှင်နေသည်။ အရက်ကို တစိမ့်စိမ့်သောက်ရင်း ထင်ရာစွတ်ပြောတတ်သော သူတစ်ယောက်နှင့် စကားပြောရသည်မှာ ‘ဂိုထေ’၏ နီတိကဗျာများ ဖတ်နေရသလို စိတ်ဝင်စားစရာတော့ ကောင်းသည်။

အပြင်ဘက်တွင် နှင်းများ တစ်စထက်တစ်စ ပိတ်သည်းလာ၏။ ဆောင်းလေကလည်း ပိုမို အေးစက်လာချေပြီ။ ဆိုင်အတွင်းမှာ ညမိုးချုပ်စပြုလာပြီဖြစ်၍ ခပ်မှိုင်းမှိုင်း ဖြစ်လာသည်။ အမူးလွန်နေသူတစ်ဦးကို လူတစ်ယောက်က အပြင်သို့ တရွတ်တိုက်ဆွဲထုတ်သွား၏။ အပြင်ဘက်မှာ နှင်းတွေ၊ မြူတွေ ပြာမှိုင်းလို့ နေရော့မည်။

ကျွန်တော်တို့လည်း တရိပ်ရိပ်နှင့် အတော်မူးလာကြ၏။ နောက်ထပ် မှာယူသောက်နေသော တစ်ချိုးပင် ကုန်လုနီးပြီ။ ညအမှောင် ဝင်ရောက်လာပြီး မကြာမီမှာပင် ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးသည် မီးအိမ်တစ်လုံးကို မြှောက်ယူကာ ကျွန်တော်တို့စားပွဲအထက်ရှိ သံချိတ်ကြီးဆီသို့ လှမ်းချိတ်လိုက်သည်။ ဝါကျင့်ကျင့်မီးရောင်များက အခန်းထဲတွင် ပြည့်နှက်သွားတော့၏။ ကျွန်တော်တို့၏ ပြားချပ်ချပ် အရိပ်များက ဆိုင်နံရံတွင် လှုပ်ယိမ်းနေကြ၏။ ထိပ်ပြောင်ငနဲ မြင်းလှည်းသမားလည်း အတော်ပင် မူးလာဟန်ရှိ၏။ မျက်လုံးကြီးများ ပြူးကာ အစ်ထွက်လာပြီး ဦးခေါင်းကို မလိုအပ်ဘဲ တဆတ်ဆတ် ညိတ်နေ၏။ (အဲ့ဒီလို အမူအရာမျိုးကို ကျွန်တော် အလွန်ပဲ မျက်စိနောက်ပါသည်။ သူဟာ အလကားနေရင်း ဦးခေါင်းကို တဆတ်ဆတ် ညိတ်နေတော့တာပါပဲ။ ဒါဟာ ဘာအဓိပ္ပာယ်ရှိသလဲ။) မှန်အိမ်မီးရောင်အောက်တွင် သူ၏ထိပ်ပြောင်ကြီးမှာ ကြေးဝါရောင် ထ,နေလေသည်။ ကျွန်တော်သည် အင်္ကျီပွကြီး၏ဇစ်ကို ဆွဲစေ့လိုက်သည်။ ချဉ်စုတ်စုတ် အရက်တစ်ခွက်ကို ကောက်မော့ကာ စားပွဲကို လက်တစ်ဖက်ဖြင့် ဗုန်းခနဲ ရိုက်ပစ်လိုက်သည်။

(ဆက်လက်ဖော်ပြပါမည်။)

## ပန်းချီပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) ပန်းချီပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

ရေးဦးစွာ ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ပန်းချီပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။



ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ စာရေးဆရာများဖြစ်ကြသည့် မောင်ယဉ်ကျော်(ရှုပ)နှင့် မောင်လေပြေ(တောင်တွင်း)တို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ကို(ပြန်/ဆက်)**



## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇွန် ၁၅**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးခြင်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ဇွန် ၁၃ ရက် နံနက်ပိုင်းက မြောက်လွတ်ကုန်းကျေးရွာသို့ သွားရောက်ငှားရမ်းပေးခဲ့သည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည် ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်

## အနုသယ

* မုန်းမာန်စိတ်ကဲ - - -
စဉ်မြဲပြစ်မြင် ၊ စိတ်ငြိုငြင်တော့
ထင်လာအာရုံ ၊ မနောပုံလည်း
သူ့ ဂုဏ်မပေါ်၊ ကိုယ့်ဂုဏ်ဖော်လို့
မတော်လောဘ ၊ သူ နိုးကြွသည်
ထိန်းရခက်သည် စိတ်အစဉ်
အနုသယ သူ့စွမ်းအင် ။

* အနုသယ - - -
ပြောကြလွယ်လွယ် ၊ ပယ်မလွယ်ဘူး
နောက်ကွယ်ငုပ်လျှိုး ၊ သိခက်မျိုးတည့်
အကျိုးပေါ်မှ ၊ သိခွင့်ရမို့
သိရချိန်မှာ ၊ တွယ်အတာက
တဏှာလွှန်ကဲ ၊ "ဥပါဒါန်"စွဲပြီ
"ဖား" ခဲ "မြွေ"နယ် ၊ လွတ်မမြင်
အစွဲရစ်ပတ် ၊ ချည်နှောင်ငင် ။

* ဩော် - - -
သည်နယ်အစွဲ - - -
နိုင်မြဲငြိတွယ် ၊ လောကီနယ်မှာ
ယှက်နွှယ်သောက ၊ ဗျာပါဒနှင့်
မောဟမောင်းနှင် ၊ လောဘဝင်တော့
ခင်တွယ်ဒေါသ ၊ တားမရဘူး
ဘဝခရီးဆက်လို့နှင်
လောကီလွတ်လမ်း ဘယ်မမြင် ။ ။

**မြတ်ထွန်းနောင်**





ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် ၊ စာပေ လေ့လာစို့ ။

## မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

မိုးကြိုးဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မိုမိုဇင်တို့က မြန်မာနိုင်ငံ၏ မိုးကြိုးဘေး အဖြစ်အများဆုံးအချိန်၊ မိုးကြိုးဘေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ရှောင်ရန်အချက်များ၊ မိုးချိန်းသံ၊ မိုးကြိုးပစ်သံများ ကြားလျှင် အကာအကွယ်ယူရှောင်ရှားရမည့်အချက်များ၊ မိုးကြိုးပစ်ခြင်းဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။




အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို ပြည်သူများ မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတရရှိစေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

## ငလျင်ဘေးသင့် သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများ လှူဒါန်း



**မန္တလေး ဇွန် ၁၅**

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုနှင့် စေတနာအလှူရှင်များက ငလျင်ဘေးသင့် သံဃာတော် ၃၂၈ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများ လှူဒါန်းခြင်း ရေစက်ချအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အရှေ့ရပ်ကွက်ရှိ မဟာလောကရံသီ အိမ်တော်ရာစေတီတော်၊ ရတနာဃရ(၁၄)ခန်းဓမ္မဗိမာန်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မိုးကောင်းတိုက် သုံးထပ်စာချကျောင်း ဆရာတော် ဘဒ္ဒန္တဝိစရ အမှူးပြုသည့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး အေးလင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြန်မာပြည်ဖွား တရုတ်လူမျိုးများ၊ ပရဟိတဓာရီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ဦးတို့နှင့် အဖွဲ့ဝင်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်ကြီးများကို သင်္ကန်းဒွိစုံနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ၍ သံဃာတော်များ ရွတ်ပွားချီးမြှင့်သော အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာအလှူရှင်များက ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ငလျင်ဘေးသင့် သံဃာတော် ၃၂၈ ပါးနှင့် သီလရှင် ၁၇၇၅ ပါးအတွက် တစ်ပါးလျှင် ဆွမ်းဆန်တော် ခြောက်ပြည်အိတ် တစ်အိတ်၊ ဆီ ၅၀ ကျပ်သား တစ်ဘူး၊ ကုလားပဲ တစ်ပိဿာစီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါင်ဝဲပုံ)(၀၇၂)**



## မဟာမုနိဘုရားကျောင်းတော်ကြီး၊ ပြတိုက်၊ စောင်းတန်း၊ မုခ်ဦး၊ ပြာသာဒ်များ ဘက်စုံပြုပြင်ရန် ငွေများ လာရောက်လှူဒါန်း

**မန္တလေး ဇွန် ၁၅**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည် ဖြစ်သည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဇွန် ၁၄ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ကျွဲဆည်ကန်နေ နှစ်ဖက်မိဘများနှင့် ဦးကျော်မြင့်အားရည်စူး၍ ဒေါ်တင်တင်မြင့်မိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓဇောတိနှင့် ဒါယကာ၊ ဒါယိကာမများက ငွေကျပ် တစ်ရာ့သုံးဆယ့်ငါးသိန်းခြောက်သောင်းငါးထောင်တို့ကိုလည်းကောင်း၊ ရန်ကုန်မြို့မှ ဦးအောင်မင်း+ဒေါ်စုထိန်ဝင်း မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ ဒေါ်ခင်ဝင်းအား ရည်စူး၍ ဦးသန်းလွင်မိသားစုက ငွေကျပ် ၄၅ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကျောင်းတော်ကြီး ပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦး၊ ပြာသာဒ်များပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃ ၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ် ငွေစာရင်းအမှတ် ၀၁၇၁ ၃၀၁၀၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀ ၀၀၀၀၇၅၀ နှင့် ဖုန်း-၀၉-၄၄၄ ၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါင်ပုံ)(၀၄၅)**

မီးမရှို့၊ မြေမမြှုပ်၊
စက္ကူတွေကို
ဒါနလုပ် ။

## အဘိုး၊ အဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံတို့တွင် ဆေးပဒေသာပင်ထည့်ဝင်လှူဒါန်း

**တောင်ကြီး ဇွန် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းရိုးမဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ဆေးပဒေသာပင်ထည့်ဝင်လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၇ နာရီခွဲက ရှမ်းရိုးမဘိုးဘွားရိပ်သာနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံတို့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဒု-ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ညိုမီစော၊ ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့်အဖွဲ့ဝင်များက ရှမ်းရိုးမဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၂၂ ဦးအား ရှိခိုးကန်တော့ပြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ တဘက်ပဝါတစ်ထည်စီ လှူဒါန်းပေးအပ်ပြီး နံနက်စာကြာဆံကြော်ဖြင့် အာဟာရဒါနကျွေးမွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ ငွေကျပ် ငါးသိန်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကက ငွေကျပ် ငါးသိန်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀ သိန်းတို့အား လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာကြည်စိုးက လက်ခံရယူခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြု ၊ ဝန်ထမ်းများနှင့် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း

**မန္တလေး ဇွန် ၁၅**

ဇွန် ၁၄ ရက်တွင်ကျရောက်သော ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘောဇဘဏ်၏ Employee Engagement Committee မှ ဦးဆောင်၍ ကမ္ဘောဇဘဏ် ဝန်ထမ်းများ၊ စေတနာသွေးလှူရှင်များ စုပေါင်း၍ သွေးလှူဒါန်းပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ KBZ Center Mandalay တွင် ကျင်းပသည်။ **(အောက်ဝဲပုံ)**



ကမ္ဘာ့သွေးလှူရှင်များနေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲတွင် စေတနာသွေးလှူရှင်များနှင့် ဝန်ထမ်းများအား မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲမှ ဆရာဝန်၊ သူနာပြုများက သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းများ ဆောင်ရွက်ပြီး သွေးများ စုပေါင်းလှူဒါန်းကြရာ အမျိုးသားသွေးလှူဘဏ်ခွဲ (မန္တလေး)မှ ရောဂါဗေဒဆရာဝန်ကြီးနှင့် KBZ Center Mandalay မှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်အစာများ ကျွေးမွေးခဲ့ကြသည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲများကို ရန်ကုန်၊ မန္တလေးမြို့များတွင် ကျင်းပခဲ့ပြီး စေတနာသွေးလှူရှင်များမှ လှူဒါန်းသော သွေးအိတ် ၂၁၄ အိတ်ကို အမျိုးသား သွေးလှူဘဏ်ခွဲများသို့ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား သတ်ဖြတ် ပခုက္ကူမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်


ဦးဇော်လတ် (သေဆုံး)


ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း(သေဆုံး)

နေပြည်တော် ဇွန် ၁၅

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများဆုံးရှုံးပြီး ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား (ညောင်ပင်ကန်) ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း(၄၂)နှစ်သည် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ ခင်ပွန်းဖြစ်သူ ဦးဇော်လတ် (၄၅)နှစ်၊ ညီမဖြစ်သူ မရွှေရည်ဝင်း (၁၉)နှစ်တို့နှင့်အတူ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ် လေးစီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်းနှင့် ဦးဇော်လတ်တို့ နှစ်ဦးအား ဝန်ထမ်း လိုင်းခန်းအတွင်းမှ ဆွဲခေါ်ကာ လိုင်းခန်းရှေ့ မြေကွက်လပ်၌ ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူမကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁၇)အခြေခံပညာ မူလတန်းလွန်ကျောင်းမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်မီလှိုင် (၂၈)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် ဇွန် ၁၄ ရက် နံနက် ၁၁ နာရီမိနစ် ၂၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမား ငါးဦးက သေနတ်များ ကိုင်ဆောင်ကာ ဆိုင်ကယ်ငါးစီးဖြင့် ရောက်ရှိလာပြီး ဒေါ်ဇင်မီလှိုင်အား လက်နောက်ပြန် ကြိုးတုပ်၍ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ နိုင်ငံ့ဝန်ထမ်းကောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား ရက်စက်စွာသတ်ဖြတ်ခဲ့သူများနှင့် ကျောင်းဆရာမတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအား ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများ၏ မိဘများအား ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်

နေပြည်တော် ဇွန် ၁၅

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ့မျိုးဆက်သစ် ကလေးငယ်များ၏ ပညာရေးတိုးတက်မြင့်မားစေရန် အခြေခံပညာ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများကို လုယက်ယူဆောင်ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ခြိမ်းခြောက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၉ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက် သီရိမင်္ဂလာရပ်၌ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ရောက်ရှိတည်းခိုနေသည့် ညောင်ဦးမြို့နယ် ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူ ကိုးဦးအနက် မခင်သက်ထား၊ မဂျူးဂျူးစုလှိုင်၊ မတိုးအိဝေ၊ မယမင်းသူ၊ မမြမြသက်၊ မောင်ချမ်းမြေ့အောင်တို့ခြောက်ဦးတို့၏ မိဘများအား PDF အကြမ်းဖက်အဖွဲ့က ခြိမ်းခြောက်ခဲ့သဖြင့် ကျောင်းသား မိဘများက ၎င်းတို့၏ သား၊ သမီးများအား တည်းခိုသည့်နေရာမှ ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ကျန်ရှိသည့် မောင်အာကာချမ်းမြေ့ကျော်၊ မောင်ထွန်းနိုင်လင်းနှင့်၊ မောင်တင်ဦးလှိုင်တို့ သုံးဦးအား ၎င်းတို့၏ မိဘများက လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျောင်းသား ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသားမိဘများအား ခြိမ်းခြောက်ခြင်းများလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပဲတီစိမ်း၊ ပဲနောက်တို့ကို မိုးရာသီ၌ စိုက်ပျိုး



မကွေး ဇွန် ၁၅

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ပဲတီစိမ်း၊ ပဲနောက်တို့ကို မိုးရာသီး၌ စိုက်ပျိုးလုပ်ကိုင်ကြသည်။

ယခုနှစ်တွင် မိုးရာသီ၌ ပဲတီစိမ်း ၂၇၈၆ ဧကနှင့် ပဲနောက် ၅၇၄၁ ဧကတို့အား လျာထား၍ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

တောင်သူများသည် မိုးရာသီ၌ ယာမြေများတွင် သီးခြားစိုက်ပျိုးကြကြောင်း၊ ထို့နောက် သီးညှပ်အဖြစ်လည်းကောင်း၊ နှမ်း၊ မြေပဲများ ရိတ်သိမ်းပြီးနောက်ပိုင်း ယာမြေကို ထွန်ယက်ပြီး ပေါင်းမြက်များကောက်ယူကာ ထွန်တစ်ရေးဝင်ကာ ပဲတီစိမ်း၊ ပဲနောက်ကို စိုက်ပျိုးကြသည့်အပြင် ဆောင်းရာသီ၌ စိုက်ပျိုးလုပ်ကိုင်၍ရသည့် ပဲမျိုးတစ်မျိုးဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)

ဝ-ဝ-ဝ-ဝ-ဝ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၄ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် "Than Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၊ င/ရမ ကျေးရွာနေ သန်းထွန်းအား ည ၆ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ "Khine Phyo Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းပြားမြို့နယ် မင်းဖူးကျေးရွာနေ ခိုင်ဖြိုးခန့် (ခ) အငိုသန်အား ည ၇ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ



**ပူတာအို ဇွန် ၁၅**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် ကျောင်းသားလူငယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနားလည်ပြီး ရှောင်ရှားနိုင်စေရန်နှင့် စာဖတ်စွမ်းရည်မြင့်မားလာစေရန်အတွက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့်စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုက မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါး အမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲရသည့်အကြောင်းအရင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိလာမည့်ဆိုးကျိုးများကို အသိပညာပေးဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနိုင်က အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် အလက (မြို့မ)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ ပျော်ရွှင်ရေးနှင့် ကျန်းမာရေး ဆောင်းပါးဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် အမှတ်ပေး ဒိုင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအနေဖြင့် ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး နံရံကပ်စာစောင်၊ အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသို့ SAMSUNG MYANMAR မှ ငွေကျပ် ၅၉၅၂၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြား TV(လက်မ ၅၀) (၃)လုံးကို ယမန်နေ့က လာရောက်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်စဉ်။ (ကဆ)

## အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇွန် ၁၅**

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

မြန်မာအသင်းသည် အုပ်စုပွဲစဉ်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ရရှိကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ထိုင်းအသင်းမှာမူ သုံးပွဲစလုံးအနိုင်ရရှိကာ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**



## မူလတန်းကြိုကျောင်း၌ ကိုယ်ခန္ဓာကျန်းမာရေး၊ သွားကျန်းမာရေး အခမဲ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရပ်စောက် ဇွန် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ကိုယ်ခန္ဓာကျန်းမာရေး၊ သွားကျန်းမာရေးအခမဲ့ စစ်ဆေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးမှူးနှင့် ဆရာဝန်များက ကိုယ်ခန္ဓာကျန်းမာရေးနှင့် သွားကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးမှူးက မူလတန်းကြိုကျောင်းသို့ သွားတိုက်ဆေးနှင့် သွားတိုက်တံများလှူဒါန်းကာ ကလေးများ သွားကျန်းမာရေး အခမဲ့စစ်ဆေးပေးခဲ့ပြီး ထိုစစ်ဆေးနေမှုများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ မြို့နယ်ကျန်းမာရေးမှူးနှင့် ဆရာဝန်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘအုပ်ထိန်းသူများ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်သား ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကြောင်ပန်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကြောင်ပန်းကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြစ်သားမြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ကိုအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အောက်ပုံ) (၄၄၅)**



## Pfizer COVID-19 JN 1 ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**တံတားဦး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရန် ယမန်နေ့ နံနက် ၉ နာရီက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမတွင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။



ထိုသို့ ထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အသက် ၁၈ နှစ်ပြည့်ပြီး ကိုဗစ်ကာကွယ်ဆေးတစ်ကြိမ်တစ်ခါမျှ ထိုးနှံခဲ့ခြင်းမရှိသူများ၊ အကြိမ်ရေမပြည့်သေးသူများနှင့် ထပ်ဆောင်းထိုးနှံသူများ၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးသူများအား လိုအပ်သည့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက ဆောင်ရွက်ပေးကြပြီး Pfizer COVID-19 JN – 1(Grey Cap) ကာကွယ်ဆေးထိုးပေးခဲ့ကြသည်။

တံတားဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**(ဝဲပုံ)**

**(၄၀၉)**

# စိုက်ပျိုးရေးကဏ္ဍ



## နှမ်းစပါးစိုက်ဧက ၂၄၀၅ ဧက လျာထားပြီး လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့

**ပျော်ဘွယ် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၄၀၅ ဧက လျာထားခဲ့ပြီး လျာထားချက်ထက် ကျော်လွန်ကာ စုစုပေါင်း စိုက်ဧက ၂၉၁၆ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးအသိပညာများ ဖြန့်ဝေပေးခြင်း၊ နိုင်ငံတော်မှ ပေးအပ်သည့် သွင်းအားစုများကို ဈေးနှုန်း ချိုသာစွာဖြင့် ဖြန့်ဝေပေးခြင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသလို နွေစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မနောသုခ၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ စပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးနည်းကို အသုံးပြုစိုက်ပျိုးလျက်ရှိသည်။

"မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ထုတ်နိုင်ဖို့အတွက်လည်း မနောသုခ မျိုးစပါးစိုက်ဧက ၁၅၀၊ အောင်နိုင်တိုး မျိုးစပါးစိုက်ဧက ၅၀ ကိုလည်း သဖန်းချောင်းဆည်မှ နွေသီးနှံအတွက် ဖြန့်ဝေပေးတဲ့ စိုက်ပျိုးရေနဲ့ စိုက်ပျိုးခဲ့ပါတယ်၊ လိုအပ်တဲ့နည်းစနစ်တွေကိုလည်း သက်ဆိုင်ရာတောင်သူများထံ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးညိမ်းဇော်က ပြောသည်။

(အောက်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၄၀၀၀ လျာထား စိုက်ပျိုးမည်

**ငဖဲ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၄၀၀၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးဦးချည်မျှင်ရှည်ဝါ ဧက ၁၅၀နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၃၈၅၀ စုစုပေါင်းဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စက်တင်ဘာလအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကာ လက်ရှိတွင် လယ်ယာမြေများ ထွန်ယက်ပြီး စတင်စိုက်ပျိုးဆောင်ရွက်နေကြပြီ ဖြစ်သည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ငဖဲမြို့နယ်၌ ချည်မျှင်ရှည်ဝါ ဧက ၄၀၀၀ ကို ကျေးရွာအုပ်စုပေါင်း (၁၇)အုပ်စုမှာ စိုက်ပျိုးဖို့ လျာထားပါတယ်။ ယခုလက်ရှိမှာ အချို့ကျေးရွာတွေမှာ စတင်စိုက်ပျိုးနေကြပြီဖြစ်သလို အချို့ကျေးရွာများမှာလည်း မြေအနေအထား၊ မိုးရေရရှိမှုပေါ် မူတည်ပြီး ထွန်ယက်နေကြပြီ ဖြစ်ပါတယ်။ စိုက်ပျိုးကြမယ့် မျိုးများကတော့ အထွက်နှုန်းကောင်းမွန်တဲ့ ဌာနမှ ဖြန့်ဝေပေးတဲ့ ရွှေတောင်-၁၀ နှင့် ငွေချည်-၁၁ မျိုးများကို အများဆုံးစိုက်ပျိုးသွားကြမှာ ဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ သီးနှံအရည်အသွေး ကောင်းမွန်ပြီး အထွက်နှုန်းကောင်းစေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းစနစ်နဲ့ သွင်းအားစုများ စနစ်တကျသုံးစွဲဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း" ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းက ပြောသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံတိုးချဲ့စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား ဝါမျိုးစေ့နှင့် သွင်းအားစုပစ္စည်းများကို ထောက်ပံ့ပေးအပ်ထားပြီး ဝါသီးနှံများအထွက်နှုန်း ကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေးတို့ကို သက်ဆိုင်ရာ ကွင်းဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်၍ နည်းပညာပေးသင်တန်းများ ပို့ချခြင်းနှင့် ကျေးရွာအရောက် ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)မယု(ငဖဲ)**

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၅**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၄ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြို့ပတ်လမ်းရှိ ဆင်သေတံတားအနီးမြေကွက်လပ်တွင် ကျင်းပသည်။

ဦးစွာ ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းနိုင်ကျော်တို့က စိန်ပန်းပြာပင်အား စတင်စိုက်ပျိုးပေးခဲ့ကာ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် စိန်ပန်းပြာ၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ဆီသပြေစသည့် အပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်းအပင်ရေ ၅၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ ။

## ငှက်ပျောဈေးကွက်ကောင်းမွန်လာသဖြင့် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သူ များပြားလာ

**မြစ်သား ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသများတွင် ဒေသခံတောင်သူများက ဖီးကြမ်းငှက်ပျောဈေး ကောင်းမွန်လာသည့်အတွက် ဖီးကြမ်းငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို ယခုနှစ်တွင် ပိုမိုတိုးချဲ့စိုက်ပျိုးလုပ်ကိုင်သူများလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ငှက်ပျောသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် သားတက်ဖြင့် မျိုးပွားခြင်း၊ အပင်တစ်သျှူး မျိုးပွားခြင်း စသည့်နည်းလမ်းများဖြင့် မျိုးပွား၍ စိုက်ပျိုးနိုင်သည်။ သားတက်ကို အပင်ခြေမှ နှစ်ပေခန့်ချန်၍ သုံး၊ လေးရက်ခန့် အရိပ်အောက်မှာ ခေတ္တအခြောက်ခံထားပြီး စိုက်ပျိုးချိန်တွင် စိုက်ပျိုးမည့်ကျင်းအတွင်း စပါးခွံ၊ မြေဆွေး၊ သစ်ရွက်ဆွေး၊ နွားချေးတို့ကို မြေသားနှင့်ရောနှော၍ စိုက်ပျိုးရကြောင်း သိရသည်။ ငှက်ပျောစိုက်ပျိုးပြီးချိန် ပေါင်းမြက်များ ရှင်းလင်းရာတွင်လည်း ငှက်ပျောပင်၏အမြစ်ထိခိုက်မှုမရှိစေရန် အထူးဂရုပြု ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ မိုးရာသီကာလရေစိမ့်ဆင်းမှု ကောင်းစေရန် အပင်ခြေရေမဝပ်အောင် ငှက်ပျောပင်စည်ခြေကို မြေဖို့ခြင်း၊ ခြောက်သွေ့ဆွေးမြေ့နေသော အရွက်များကို စနစ်တကျ ဖယ်ရှား ရှင်းလင်းပေးခြင်းစသည်တို့ဖြင့် ငှက်ပျောပင်များအား စိုက်ပျိုးထားသင့်သည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးဖြစ်လုပ်ကိုင်ကြကြောင်း၊ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး ဈေးပိုရခြင်းကြောင့် တောင်သူအများစုက အားထားစိုက်ပျိုးကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



(ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)ရပ်ကွက်၊ အကွက်အမှတ်(A-3)၊ ဦးပိုင်အမှတ်(A-3/၁၄)၊ ဧရိယာ(၀ ဒသမ ၀၂၇၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်စန်းစန်းအေးအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းအေး(၉/နထက(နိုင်)၀၀၀၃၆၄)ထံမှ ကျွန်တော်ဦးကျော်ထူးက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်**
**၉/ပကခ(နိုင်)၀၁၅၁၈၈**

၁၁-၄၅/၂၃၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။ ဖုန်း ၀၉-၂၀၁၉၀၃၆၊ ၀၉-၂၀၃၀၁၆၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)ရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(D/၁၃)၊ ဧရိယာ(၀ ဒသမ ၁၃၇၇)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်နန်းကြည်ငွေဝင်းအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်နန်းကြည်ငွေဝင်း(၁၂/မဂတ(နိုင်)၀၃၆၀၇၉)ထံမှ ကျွန်တော်ဦးကျော်ထူးက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်**
**၉/ပကခ(နိုင်)၀၁၅၁၈၈**

၁၁-၄၅/၂၃၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။ ဖုန်း ၀၉-၂၀၁၉၀၃၆၊ ၀၉-၂၀၃၀၁၆၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)ရပ်ကွက်၊ အကွက်အမှတ်(C-6)၊ ဦးပိုင်အမှတ်(C-6/C-6+C-7+C-8+C-9)၊ ဧရိယာ(၀ ဒသမ ၂၂၉၆)ဧက အကျယ်အဝန်းရှိ မြေကွက်များသည် ဦးသာငွေးအမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးသာငွေး(၁၂/အစန(နိုင်)၀၃၀၁၈၂)ထံမှ ကျွန်တော်ဦးကျော်ထူးက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်**
**၉/ပကခ(နိုင်)၀၁၅၁၈၈**

၁၁-၄၅/၂၃၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။ ဖုန်း ၀၉-၂၀၁၉၀၃၆၊ ၀၉-၂၀၃၀၁၆၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)ရပ်ကွက်၊ အကွက်အမှတ်(C-3)၊ ဦးပိုင်အမှတ်(C-3/6)၊ ဧရိယာ(၀ ဒသမ ၂၂၉၆)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ဝါဝါအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး(၉/မမန(နိုင်)၀၂၄၄၄၅)ထံမှ ကျွန်တော်ဦးကျော်ထူးက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်**
**၉/ပကခ(နိုင်)၀၁၅၁၈၈**

၁၁-၄၅/၂၃၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။ ဖုန်း ၀၉-၂၀၁၉၀၃၆၊ ၀၉-၂၀၃၀၁၆၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၄)၊ ဦးပိုင်နံပါတ်(၁၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေအကျယ်အဝန်းရှိ ဦးကြည်လွင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ချောစုလှိုင်(ဘ)ဦးအောင်သူရ(၈/နမန(နိုင်)၁၂၁၈၆၄)နှင့် ဦးသော်ဇင်ဦး(ဘ)ဦးဝင်းမြင့်(၁၃/တကန(နိုင်)၃၂၁၂၇၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန်(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း(LL.B)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန်(LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၈-စ/၄၁၀)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၁၈၃၅)ဧက အကျယ်အဝန်းရှိ ဒေါ်စောစောဝင်းအမည်ပေါက် ဂရန်မြေနေထိုင်ခွင့်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စောစောဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၅၄၄၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သစ်သစ်လေး** | **ဒေါ်ခင်စိမ်းလန်း** | **ဒေါ်သီရိထက်** |
| **(B.A,H.G.P)** | **(LL.B)** | **(LL.B)** |
| **၀၉-၂၀၀၃၅၉၅** | **၀၉-၄၃၁၀၁၆၈၆** | **၀၉-၉၃၁၅၄၂၄၄** |

**ဥပဒေအကျိုးဆောင်ရှေ့နေများ**
**၂၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ ဦးပိုင်အမှတ်(၇၄)ခဲစင်းမြောက်ဘက်ခြမ်း၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးညွန့်ဝေကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၃၅၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဘောက်ဂျာ၏(GPရရှိသူ ဦးခင်မောင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၅၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးနိုင်ထွန်း(၉/နထက(နိုင်)၀၀၀၄၄၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၄၉၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ ဦးပိုင်အမှတ်(၇၄)ခဲစင်းတောင်ဘက်ခြမ်း၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးညွန့်ဝေကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၃၅၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဘောက်ဂျာ၏(GPရရှိသူ ဦးခင်မောင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၅၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဝဏ္ဏအောင်(၉/အမဇ(ပြု)၀၀၀၁၆၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၄၈၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၆၃-ခ)၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမောင်ရွှေကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၃၆၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်အုံးသွင်(၉/ခမစ(နိုင်)၀၂၁၃၄၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၄၉၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်အမှတ်(၃၈)၊ ၅၇(B)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးငွေးကျော်၊ ဒေါ်ကျော့ကျော့မွန်တို့(၂)ဦးအနက် ဦးငွေးကျော်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၈၆၁/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သူ ဒေါ်ကျော့ကျော့မွန်(၉/မထလ(နိုင်)၀၀၂၁၁၇)က အမှုတွဲအမှတ်(၀၄၈၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)ရပ်ကွက်၊ အကွက်အမှတ်(V-2)၊ ဦးပိုင်အမှတ်(V-2/၃)၊ ဧရိယာ(၀ ဒသမ ၃၇၇၄)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဦးစိုးတင့်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးပြည့်ဘုန်းမော်(၉/ပဥလ(နိုင်)၀၂၀၈၅၄)ထံမှ ကျွန်တော်ဦးကျော်ဇင်သိန်းက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်သိန်း(ဘ)ဦးအေကေအဟူဂျာ(၉/မကန(နိုင်)၀၉၃၄၃၀)**

၁၅လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်။ ဖုန်း ၀၉-၇၈၉၃၂၈၂၉၂၊ ၀၉-၂၀၁၉၀၃၆

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ်(၅၅)ခဲစင်းအရှေ့၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ပြုံးပြုံးလွင်၊ ဦးဝင်းနိုင်ဦးတို့(၂)ဦးအနက် ဒေါ်ပြုံးပြုံးလွင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၅၁၆၂/၁၉၉၆)ဖြင့် လက်ခံခဲ့သူ ဦးဝင်းနိုင်ဦး(၉/မရမ(နိုင်)၀၇၆၈၇၉)က အမှုတွဲအမှတ်(၀၄၇၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့် ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် RC(၈)ထပ်ဆောင်အမိုးပြင်ပေါ်တွင် ရေကန်အသစ်ဝယ်ယူတပ်ဆင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူတပ်ဆင်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့** - (၁၂-၆-၂၀၂၅)ရက်မှ (၂၅-၆-၂၀၂၅)ရက်ထိ
**(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/ အချိန်** - (၂၅-၆-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ
**(ဂ) တင်ဒါဖွင့်မည့်ရက်** - (၂၇-၆-၂၀၂၅)ရက်၊ (ခန့်မှန်း)
**(ဃ) တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
**(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း** - ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ)

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၅၃၇၂၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၂)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၅) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဗိုလ်ဗိုလ်ဌေး(ဘ)ဦးစံဌေး(၉/မရမ(နိုင်)၀၈၆၇၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မွေ့မြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့် ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မန္တလေး(၆)မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် သံမဏိပစ္စည်း(H Beam,I Beam)များအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့** - (၁၂-၆-၂၀၂၅)ရက်မှ (၂၅-၆-၂၀၂၅)ရက်ထိ
**(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/ အချိန်** - (၂၅-၆-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ
**(ဂ) တင်ဒါဖွင့်မည့်ရက်** - (၂၇-၆-၂၀၂၅)ရက်၊ (ခန့်မှန်း)
**(ဃ) တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
**(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း** - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၀၁၂၄၇၊ ၀၉-၇၉၈၅၄၄၉၁၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၅)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဆန်နီဘရူးဝါး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်၊ နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာများဖြင့် ဝယ်ယူလက်ရှိ အစဉ်တစိုက် ပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူဖြစ်သည့် ဒေါ်သဇင်ထိုက်(ဘ)ဦးကိုကိုလေး(၁၂/သဃက(နိုင်)၁၆၀၈၃၇)က ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံးခန်း - လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၆)၊ ဦးပိုင်နံပါတ်(၇၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၅)ဧက၊ ပေ(၁၅×၄၅)အကျယ်အဝန်းရှိ ဦးမြင့်စိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မြိုင် (ဘ)ဦးချစ်ဖွယ်(၉/မနမ(နိုင်)၀၃၉၇၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

---

## အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၃၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၃၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးခင်မောင်ဝင်း အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်ချထားပေးခြင်းခံရသူ ဦးခင်မောင်ဝင်း(ဘ)ဦးလှမောင်(၉/မရတ(နိုင်)၀၇၉၆၅၈)ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းစွာ လက်ရှိလက်ရောက် နေထိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်မေ(LL.B) ဒေါ်ယဉ်ယဉ်ဌေး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

---

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၈၁)၊ လမ်း ၄၀(E)၊ ၅၉လမ်းထောင့်ရှိ ဒေါ်အိုက်ဖန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၂၉၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စန္ဒာအေး(၉/မရတ(နိုင်)၀၆၃၉၄၉)၊ ဦးတင်အေး(၉/မရတ(နိုင်)၁၀၆၁၈၈)၊ ဦးကျော်အေး(၉/မရတ(နိုင်)၀၀၂၆၃၁)တို့က အမှုတွဲအမှတ်(၀၄၇၇/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ်-၅၅(ခဲစင်း)အနောက်၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်ပြုံးပြုံးလွင်၊ ဦးဝင်းနိုင်ဦးတို့ နှစ်ဦးအနက် ဒေါ်ပြုံးပြုံးလွင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၅၁၆၂/၁၉၉၆)ဖြင့် လက်ခံခဲ့သူ ဦးဝင်းနိုင်ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၄၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်ငြိမ်း(၉/မမန(နိုင်)၀၃၉၄၉၇)၊ ဦးရွှေဖုန်းဝေ(၉/ပဥလ(နိုင်)၀၃၅၄၆၁)တို့က အမှုတွဲအမှတ်(၀၄၇၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်အမှတ်(၅၈-ခ)၊ အရှေ့ဘက်ခြမ်း(၁၀ပေ ×ပေ၃၀)မြေကွက်ထဲမှ မြောက်ဘက်စိတ်(၁၀×၁၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်အမှတ်(၅၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်းဖေ အမည်ဖြင့် မြေနေရာချထားပေးသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ အရှေ့ဘက်ခြမ်း(၁၀ပေ×ပေ၃၀)မြေကွက်ထဲမှ မြောက်ဘက်စိတ် ပေ(၁၀×၁၅) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်အေးအေးသွယ်(ဘ)ဦးအေးလှိုင်(၉/မနမ(နိုင်)၁၁၄၅၀၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်မေ(LL.B) ဒေါ်ယဉ်ယဉ်ဌေး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

❖ အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်...

❖ ယင်းအတွက်လိုအပ်သည့်အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းပင်ဖြစ်ပြီး စာပေပညာရှင်စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမှီးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွန်းတိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီး၏ တောင်ဘက်၊ နေပြည်တော်ဘူတာနှင့် ရွာတော်ဘူတာအကြားရှိ ရထားလမ်းဘေးဝဲ/ယာ နယ်နိမိတ်အတွင်းရှိ စိုက်ကွက် နှစ်နေရာတို့တွင် ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**လိုက်လံကြည့်ရှုအားပေး**

ဦးစွာ ပထမစိုက်ကွက်နေရာ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဦးဆောင်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ရထားလမ်းဘေးတစ်လျှောက်တွင် အရိပ်ရလေကာပင်များ စိုက်ပျိုးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

**တပျော်တပါးစိုက်ပျိုး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာတော်ဘူတာသို့ ရောက်ရှိပြီး ရွာတော်ဘူတာအနီးရှိ ဒုတိယစိုက်ကွက်နေရာတွင် ဝန်ထမ်းများနှင့်အတူ အရိပ်ရ လေကာပင်များအား ဆက်လက် စိုက်ပျိုးကြသည်။



ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၅၀၀ တက်ရောက်၍ ကျွန်းပျိုးပင် ၂၀၀၊ ပိတောက်ပျိုးပင် ၁၅၀၊ ပျဉ်းကတိုးပျိုးပင် ၁၅၀ နှင့် မဲဇလီပျိုးပင် ၁၀၀၀ စုစုပေါင်း ပျိုးပင်မျိုးစုံ ၁၅၀၀ ကို တပျော်တပါး စိုက်ပျိုးကြသည်။

နေပြည်တော်၌ ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ဌာန၊ အဖွဲ့အစည်းအားလုံးကလည်း သက်ဆိုင်ရာ နယ်မြေရုံးများအလိုက် တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးမှုစီမံချက်ဖြင့် အရိပ်ရပင် ၁၅၀၀၀ နှင့် ပန်းအလှပင် ၅၀၀၀ စိုက်ပျိုးမည်

**မန္တလေး ဇွန် ၁၅**

မန္တလေးမြို့တော် စိမ်းလန်းစိုပြည်သာယာလှပသော မြို့တော်ဖြစ်စေရန် နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်စီမံချက်ဖြင့် မန္တလေး (၆) မြို့နယ်၌ အရိပ်ရပင် ၁၅၀၀၀ နှင့် ပန်းအလှပင် ၅၀၀၀ ကို ဇွန်လအတွင်း သတ်မှတ်ရက်နှင့် သတ်မှတ်နေရာများ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



တိုင်းဒေသကြီးအစိုးရ ဦးဆောင်မှုနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ လုပ်ငန်းဌာနခွဲမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စီစဉ်ပေးကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက မြို့တော်ကို Green City , Clean City , Beautiful City , Smart City ဖြစ်လာဖို့ ရည်မှန်းချက်တွေထားရှိပြီး စီမံချက်ရေးဆွဲပြီး နှစ်စဉ် ဆောင်ရွက်နေပါတယ်။ အလားတူ မန္တလေးမြို့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသမှာ တည်ရှိတဲ့အတွက် သဘာဝအလျောက်ရတဲ့ မုတ်သုံမိုးရတယ်။ မိုးဦးကျတာနဲ့ စိုက်ပျိုးရေးစတင်ဆောင်ရွက်ပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် တမာ၊ မန်းကျည်း၊ ကုက္ကို၊ စိန်ပန်း၊ မဲဇလီ စသည့် အရိပ်ရပင် ၁၅၀၀၀ နှင့် ပန်းအလှပင် ၅၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အရိပ်ရပင်များကို လမ်းမကြီးများ၊ အဓိကလမ်းများ၊ လမ်းသွယ်များ၊ ဒူးကြားလမ်းများတွင် ဦးစားပေးအစီအစဉ်အတိုင်း စိုက်ပျိုးသွားမည်ဟု သိရသည်။

"လမ်းမကြီးတွေဘေးမှာစိုက်တဲ့အပင်တွေက ဒေသမျိုးရင်းဖြစ်သလို၊ ဒေသနဲ့လည်းကိုက်ညီလို့ ဦးစားပေးပြီး မန္တလေး (၆) မြို့နယ်မှာ အရိပ်ရပင် တစ်သောင်းခွဲ စိုက်ပျိုးမယ်။ မန္တလေး-ပြင်ဦးလွင်လမ်း၊ ရန်-မန်းအမြန်လမ်းမှာ တာဝန်ယူရတယ်။ တောင်သမန်မယ်ဇယ်တန်းနဲ့ မြို့ဝင်၊ မြို့ထွက်တွေက လမ်းလယ်ကျွန်းတွေမှာ အလှပန်းတွေဖြစ်တဲ့ နွယ်သာကီလို အပင် ငါးထောင် စိုက်ပျိုးမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တော်ကို Green City , Clean City , Beautiful City , Smart City ဖြစ်စေရန် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အနီးကပ်လမ်းညွှန်ချက်ဖြင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ City in The Garden ဖြစ်လာစေရန် ရည်မှန်းချက်တစ်ခု ထပ်တိုးအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၉)